www.burmeseclassic.com

စာပေဗိမာန် စာစဉ်အမှတ် ၃၂၈

# မိုးမိုး ( အင်းလျား )

# မြူမှောင်ဝေကင်း

စာပေဗိမာန် စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း ရန်ကုန်မြို့
[ဖုန်း - ၂၈၅၀၆၆]

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၅၂၈၀/၂၀၀၂ (၆) ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၁၀၀၇/၂၀၀၂ (၁၂) ]

မျက်နှာဖုံး
ပန်းချီ မောင်မောင်ညိုဝင်

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၁၀၀၀)

---

ထုတ်ဝေခြင်း
ဇန်နဝါရီ၊ ၂၀၀၃

---

စာအုပ်ချုပ်
ကိုမြင့်

ဦးတင့်ဆွေ (၀၅၂၃) ဆောင်ကာ စာပေ
အမှတ် ၆၀(ဗ)၊ ၁၅ လမ်း၊ ... ရန်ကုန်မြို့ ထုတ်ဝေသည်
ဒေါ်... (...) ... ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

# အမှာ

**ပြည့်ရှင်မင်းလောင်း** မှာ ဒီဇင်ဘာ ၁၉၈၇ မှ ဇူလိုင် ၁၉၈၈ ထိ **ထိုင်းရှင်းတေးလွှာနယ်** အခန်းဆက် ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သည့် ဝတ္ထု ဖြစ်ပါသည်။

ဆရာမ ကျွန်းကျွန်းနီ ၁၂ နှစ် ကြာမြင့်ခဲ့သည့် ပင်ပန်းကြီးခံမှု သို့ပြီး တာဝန်ရှင်အဖြစ် ပညာရေး၊ ပင်ကြီးမှ ထုတ်ဝေခြင်း ဖြစ်ပါသည်။ ဆရာမ နေ့စဉ်ထုတ်စာစောင်များ၌ ဝတ္ထုများလည်း ဖော်ပြနိုင်ပါသည်။

**မသွေးဂျူးလေး၏** မောင်ဝိဇ္ဇာ (မြန်မာစာ) ၏ ကျေးဇူးများကို အထူးကျေးဇူးတင်ရှိပါသည်။

အမှောင်ထဲမှာ မည်မျှကြာကြာ ထိုင်နေမိသည် မသိ၊ မြစ်ကမ်းပါးမှ ဝှေ့ယမ်း တိုက်ခတ်လာသော လေနှင့်အတူ မိုးစက်မိုးပေါက်တို့သည် ဖွင့်ထားသော မှန်ပြတင်းမှတစ်ဆင့် မလေး၏ မျက်နှာပေါ်သို့ လာရောက် ထိခတ်မှပင် ပြန်လည်အသိဝင်လာခဲ့၏။ နေရာမှ ဖြည်းလေးစွာထကာ မီးခလုတ်ရှိရာသို့ လက်လှမ်းလိုက်၏။ ပြီးမှ ဖွင့်ပြီးသားဖြစ်နေသည်ကို သတိရသည်။ မီးမလာတာ သုံးရက်တောင်မှ ရှိပါပကော။

ဖယောင်းနှင့် ရေနံဆီရောလျက် ချောနေအောင်တိုက်ထားသော ကြမ်းကို ရှပ်တိုက်၍ လျှောက်လာပြီး ပြတင်းရှေ့မှာ ပြန်ရပ်မိ၏။ မိုးဖွားများသည် တဖျောက်ဖျောက် ကျနေဆဲ။ သံလွင်မြစ်မှ ညိုဝါသော မြစ်ရေတို့သည် လှိုင်းပွက်များဖြင့် လှုပ်ရှားရိုက်ခတ်နေသည်။ အုတ်တံတိုင်းဖြူဖြူ ကာထားသော ကမ်းနားလမ်းပေါ်မှာ အေးအေးလူလူ လမ်းလျှောက်နေသူ အချို့သည် ခပ်သုတ်သုတ် လှမ်းသွားကြသည်။ မကြာမီ မိုးသည် အရှိန် ပြင်းလာ၏။ လေပါရောပါလာ၍ ပြတင်းတံခါးရွက်သည် အလိုလို ပိတ်သွားသည်။ တစ်အိမ်လုံး မှောင်သွားလေသည်။

စာကြည့်စားပွဲပေါ်သို့ ခပ်ဖြည်းဖြည်း ပြန်လျှောက်လာပြီး အဆင်သင့် တင်ထားသော မှန်အိမ်နှင့် မီးခြစ်ကို စမ်းကာ ထွန်းညှိလိုက်၏။ စားပွဲပေါ်မှာ အမှတ်ခြစ်လက်စ တပည့်များ၏ အဖြေစာရွက်များသည် မညီမညာပြန့်ကြဲနေသည်။ ကုလားထိုင်ကို အသာဆွဲယူလိုက်၏။ ကြမ်းပေါ်တွင် ချောခနဲပါလာသော ကုလားထိုင်ပေါ်မှာ ထိုင်ချလိုက်သည်။ အဖုံးဖွင့်လျက် တန်းလန်း ရှိသော ဖောင်တိန်ကို ကောက်ကိုင်လိုက်သည်။ အဖြေလွှာစာရွက် များသည် မျက်စိထဲမှာ ဝေဝါးနေ၏။ ဖောင်တိန်ကို ဘေးသို့ တွန်းဖယ်ကာ စာရွက်ပေါ်မှာ မျက်နှာအပ်လိုက်မိသည်။

ချက်မချမိခဲ့သော ပြတင်းတံခါးရွက်များသည် ဖွင့်ချည် ပိတ်ချည်ဖြင့် တဝုန်းဝုန်းမြည်နေလေသည်။ ဖေဖေပြန်လာလျှင် အသံမကြားနိုင်မည်ကို စိုးသဖြင့် တံခါးဆီ ထသွားပြီး ချက်ချ လိုက်ရပြန်သည်။ အိမ်ဝင်းတံခါးနားသို့ ပြန်ရောက်သည်တွင် ခေါင်းလောင်းသံ မြည်လာ၏။

မလေး ဖွင့်ပေးလိုက်သောတံခါးမှ ဖေဖေသည် ဖြည်းလေး စွာ ဝင်လာ၏။ ဖေဖေ့ကိုယ်ပေါ်တွင် မိုးစက် မိုးပေါက်များ ကျထားသည်။ ဖေဖေက တံခါးကို ပြန်ပိတ်လိုက်သည်။ တိုက်ပုံ အင်္ကျီကို အသာအယာ ချွတ်လိုက်၏။ မလေးက တိုက်ပုံအင်္ကျီကို အသာလှမ်းယူပြီး အခန်းတွင်းဝင်ခဲ့သည်။ ဖေဖေ့ မျက်နှာသုတ် ပဝါကို အမှောင်ထဲမှာ စမ်းယူပြီး ပြန်ထွက်ခဲ့သည်။

'လမ်းထိပ်ရောက်မှ မိုးကမိတာဟေ့၊ လေရောမိုးရောပဲ'

ဖေဖေက မျက်နှာသုတ်ပဝါဖြင့် ဆံပင်များကို သွေ့အောင် သုတ်ရင်း ပြော၏။

'ဒါထက် မောင်သောင်းလာရဲ့လား'

'လာပါတယ် ဖေဖေ'

'ဘာပြောသွားသေးလဲ'

'ဖေဖေမှာထားတဲ့ ခုတင်နဲ့ ဗီရိုကို စနေနေ့ညနေ အရောက် လာပို့ပါမယ်တဲ့'

မလေးက ထိုစကားကို ပြောစဉ် မျက်လွှာချထား၏။ ဖေဖေ ကတော့ မျက်နှာသုတ်ပဝါကို ကြိုးတန်းမှာလှန်းရင်း တစ်ဖက် လှည့်နေသည်။

'အဲသည်အတွက် မဟုတ်ပါဘူး၊ နောက်ဖေးက ရေချိုးခန်း တံခါးရွက်တွေ ပြုတ်နေတာ ပြန်ရိုက်ဖို့'

'အဲဒါ ပြောလိုက်ပါတယ် ဖေဖေ၊ သူလဲ အလုပ်သမားတွေ အလုပ်မဆင်းလို့ တစ်ယောက်တည်းဖြစ်နေတယ်တဲ့၊ သမီးက ခုတင်နဲ့ ဗီရိုကိုသာ အချိန်မီရအောင် လုပ်ပါ၊ တံခါးကတော့ တစ်ညနေလောက် လာရိုက်လိုက်လဲ ပြီးတာပဲလို့'

ဖေဖေသည် မလေးကို မကြည့်တော့ဘဲ နောက်ဖေးသို့ ဝင်သွားလေသည်။ ထမင်းစားပွဲပေါ်မှ အုပ်ဆောင်းကို သူ့ဘာသာ သူ ဖွင့်၏။

'ဟင်းချို မနွေးရသေးဘူး ဖေဖေ'

မလေးက ဖယောင်းတိုင်တစ်တိုင်ကို မီးမငြိမ်းအောင် ခပ်အုပ်အုပ် ကိုင်ရင်း ရေနံဆီမီးဖိုကို မီးမွှေးသည်။ ဖေဖေက ထမင်းစားပွဲပေါ်မှ မီးစာကို မြှင့်လိုက်၏။ တစ်အိမ်လုံးတွင် မလေး၏ ထမင်းပွဲပြင်ဆင်သံမှတစ်ပါး တိတ်ဆိတ်နေသည်။ ဖေဖေ ထမင်းကို စ စားချိန်တွင် မလေးသည် လက်ဖက်ခြောက်

အိုးကို မီးဖိုပေါ်တင်သည်။ ဖေဖေသည် ဟင်းချိုပူပူကို တစ်ဇွန်း နှစ်ဇွန်းသာ သောက်ပြီး ထမင်းပွဲကို မြန်မြန် လက်စသပ်လေ သည်။

'ဒါထက် သမီး'

ဖေဖေက လက်ချောင်းများကို လက်သုပ်ပဝါဖြင့် ဂရုတစိုက် သုတ်ရင်း စကားပြောဖို့ ဟန်ပြင်ပြန်၏။ မလေးကတော့ ဖေဖေက ဤသို့

'ဒါထက် သမီး'ဟု စကားစလိုက်သည်ကို ထိတ်လန့်နေ လေသည်။ မနေ့ကပင် ဖေဖေက သည်လို ထမင်းစားပြီးချိန်မှာ

'ဒါထက် သမီး'ဟု အစချီကာ သူ မမျှော်လင့်သော စကား တွေကို ပြောခဲ့သည် မဟုတ်လား။

မလေးသည် လက်ဖက်ခြောက်နှပ်ထားသည့် အိုးဆီသို့ လက်လှမ်းပြီးမှ လက်ခုယူဖို့ သတိရကာ ပြန်ရုတ်လိုက်သည်။

'ဖေဖေ့ကိစ္စနဲ့ ပတ်သက်ပြီး သမီး စိတ်ထိခိုက်နေတုန်းပဲ လားဟင်'

မလေးက လက်ဖက်ရည်ကို ကရားထဲသို့ စစ်ထည့်ရင်း အတန်ကြာ တိတ်ဆိတ်နေ၏။ ပြီးတော့ ဘာမှ မဖြစ်သလို မျက်နှာပေါ် ဝဲကျနေသော ဆံပင်များကို သပ်တင်လိုက်ပြီးမှ ပြန်ပြောသည်။

'ခုတော့လဲ ဒီလောက်မဟုတ်တော့ပါဘူး ဖေဖေ၊ ဖြစ်ပြီးမှ တော့ ဘာတတ်နိုင်မလဲ၊ တကယ်တော့ အစကတည်းက ဒါကို ကြိုတွေးမိဖို့ ကောင်းတာ၊ သမီးက လူ့ဘဝကြီးကို ဘာမှမပြောင်း လဲတော့ဘူးလို့ မိုက်မိုက်မဲမဲ ထင်ခဲ့မိတာ'

မလေး၏ စကားတွင် မကျေနပ်သေးသည့်သဘော အများကြီးပါသွားသည်ကို ပြောပြီးမှ သတိရလေသည်။ ဖေဖေ သက်ပြင်းကို မသိမသာ ချလိုက်သည်။

'အေးလေ ဖေဖေ့အပြစ်လဲ ပါတာပေါ့၊ သမီးကို ကြိုတင်အသိမပေးဘဲ လုပ်လိုက်တာ၊ ဒါပေမဲ့ ဖေဖေ သည်အချိန်ထိအောင် သမီးအတွက်ရပ်တည်ခဲ့တာကိုထောက်ပြီး ဖေဖေ့အပေါ် နားလည်ခွင့်လွှတ်လိမ့်မယ်လို့ ယုံကြည်ခဲ့တယ်၊ သမီးလဲ ငယ်တော့တာမှ မဟုတ်ဘဲ၊ အထက်တန်းပြ ဆရာမကြီးတစ်ယောက် ဖြစ်နေပြီ'

မလေးသည် လက်ဖက်ရည်ဗန်းကိုမကာ အိမ်ရှေ့သို့ထွက်ရန် ဟန်ပြင်သည်။ ဖေဖေက ရှေ့မှ ဦးစွာထွက်သွား၏။ လွန်ခဲ့သော တစ်လခန့်က အသစ်လဲထားသော ကုလားထိုင် စားပွဲများ၏ဘေးမှ ပက်လက်ကုလားထိုင်ပေါ်တွင် ဖေဖေ ထိုင်သည်။ မလေးက ဖေဖေ့ရှေ့မှာ လက်ဖက်ရည်တစ်ခွက်နှင့် ဘီစကစ်အချို့ထည့်ထားသော ပန်းကန်ကို ချပေးသည်။

'ဟုတ်ပါတယ် ဖေဖေ၊ လွန်ခဲ့တဲ့လက သမီး အသက်နှစ်ဆယ့်နှစ် ပြည့်ပါပြီ၊ မေမေဆုံးတာ တစ်ဆယ့်ငါးနှစ်တောင်ရှိသွားပြီ၊ သမီးပညာပြည့်စုံပြီး အလုပ်ရတဲ့အထိ ဖေဖေ တာဝန်ကျေခဲ့တာပဲ၊ သမီး ရန်ကုန်မှာ ကျောင်းတက်နေတဲ့အချိန်မှာ တစ်ချိန်လုံး ဖေဖေတစ်ယောက်တည်း မငြီးမငွေ့ နေခဲ့တာလဲ သိပါတယ်၊ ဒါပေမဲ့ သမီး အလုပ်ရတဲ့အခါမှာ ဖေဖေနဲ့ အတူတူ အေးအေးချမ်းချမ်း နေရတော့မယ်ဆိုပြီး ပြန်လာခဲ့ကာမှ'

မလေး၏ အသံသည် တဖြည်းဖြည်းတိုးတိတ်ကာ တိမ်ဝင်သွားလေသည်။ မျက်ရည်မူ မကျတော့။ မနေ့ညကတော့ ဖေဖေ့

စကားကို ကြားကြားချင်း ဆောက်တည်ရာ မရသလိုဖြစ်ကာ မောင်နှင့် ခွဲခွာရစဉ်ကလိုပင် ဝမ်းပန်းတနည်း ငိုကြွေးခဲ့မိသည်။

ဖေဖေသည် လက်ဖက်ရည်သောက်ရင်း မလေးကို ငေးကြည့်နေသည်။

'ဖေဖေကလဲ သမီးနဲ့ မခွဲနိုင်ပါဘူး သမီးရယ်၊ ဒါကြောင့် ငြိမ်းကို၊ အဲ မခင်ငြိမ်းကို အကျေအလည်ဆွေးနွေးပြီးမှ လက်ခံခဲ့တာပါ၊ ဖေဖေကတော့ သမီးကိုခွဲခွာပြီး သူတို့ဆီ မသွားနိုင်ဘူး၊ သူကသာ ဖေဖေတို့နဲ့လာနေဖို့ပဲ၊ ပြီးတော့ မခင်ငြိမ်းဟာ ဖေဖေ့အပေါ်ရော သမီးအပေါ်မှာပါ သဘောထားပြည့်ပြည့်ဝဝနဲ့ ပေါင်းနိုင်မယ်လို့ ဖေဖေ ယုံတယ်၊ ဖေဖေ သူ့ဘက်က လိုက်ပြောတာ မဟုတ်ပါဘူး၊ သမီးလဲ ဆက်ဆံဖူးသားပဲ'

မလေးက မုန့်တစ်ချပ်ကို ယူစားပြီး လက်ဖက်ရည်မော့ချလိုက်သည်။ တကယ်တော့ သည်ညနေ မလေး ထမင်းမစားရသေးပေ။ ခါတိုင်းတော့ ဖေဖေ မရောက်ခင် စားထားနှင့်တတ်သဖြင့် ဖေဖေကလည်း မမေးတော့ပေ။

'ဒါပေမဲ့ ဖေဖေ'

မလေးက နှုတ်ခမ်းမှ မုန့်များကို အသာသပ်ရင်း ပြောသည်။

'ခုဟာက သူတစ်ယောက်တည်းမှ မဟုတ်တာ၊ ပြီးတော့'

ဖေဖေက မလေးကို တောင်းပန်ဟန်ဖြင့် ကြည့်သည်။

'လူတစ်ယောက်ကို ဘယ်လောက်ကောင်းပါတယ်လို့တော့ ဖေဖေ ကြိုပြီး အာမမခံနိုင်ပါဘူး သမီး၊ ဒါပေမဲ့ မောင်တင်ဦးဟာလဲ တည်ငြိမ် ရင့်ကျက်တဲ့ လူငယ်တစ်ဦးပါပဲကွယ်၊ သူ့မှာလဲ ဖခင်ဆုံးသွားတာ သုံးနှစ်တောင် မပြည့်သေးပါဘူး၊ သူ့အမေကလဲ

သားတစ်ယောက်တည်းမို့ သိပ်ချစ်တာဆိုတော့ သူတို့လဲ ဖေဖေတို့လိုပဲ ဘယ်ခွဲနိုင်မလဲ၊ ဒါပေမဲ့ သူက ယောကျ်ားလေးပဲ၊ သည်အိမ်မှာနေရင်လဲ ခဏပါ၊ နောင်ဆို သူ အိမ်ထောင်ကျရင် ခွဲထွက်သွားမှာပဲ၊ မခင်ငြိမ်း သဘောတူပြီးသား၊ ဖေဖေကသာ သမီးကို ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် မခွဲဘူးလို့ ဆုံးဖြတ်ထားတာ’

မလေးသည် သူ့စိတ်ကို တည်ငြိမ်အောင် ကြိုးစားနေရလေသည်။ တကယ်တော့လည်း ဖေဖေသည် တရားလက်လွတ်စီစဉ်ခဲ့ခြင်း မဟုတ်၊ မိတဆိုးသမီး မလေးကို အစစအရာရာလိုလေသေးမရှိအောင် ထားခဲ့သည်။ ဖခင်ဆိုသော်လည်း မိခင်နေရာကိုပါ ယူခဲ့ရသည်။

မလေး ခုနစ်နှစ်သမီးအရွယ်မှာ မေမေဆုံးခဲ့ရသည်ဆိုတော့ မလေး၏ အပျိုဘော်ဝင်စအရွယ်သည် မိခင်နှင့် ကင်းလွတ်ခဲ့ရ၏။ သို့သော် ဖေဖေ့ အစီအမံကောင်းမှုကြောင့် ပရမ်းပတာ မဖြစ်ခဲ့။ ဖေဖေ့ညီမဝမ်းကွဲ တစ်ယောက်ကို အိမ်တွင်ခေါ်ထားကာ မလေးအတွက် အစစအရာရာ တိုင်ပင်နှီးနှောခွင့်ရအောင် ထိန်းသိမ်းစောင့် ရှောက်စေခဲ့၏။ သို့တိုင် ဖေဖေသည် မလေးကို မျက်ခြည်မပြတ်ပေ။ မလေး နေထိုင်မကောင်းတာက အစ မိန်းကလေးတို့သဘာဝကအစ ဖေဖေ သိနေခဲ့သည်။ တကယ်တော့ ဖေဖေသည် သူ့ညီမကို အဖေနှင့် သမီးကြားမှာ မပြောအပ် မပြောသင့်သည်ကို တိုက်ရိုက်မပြောဘဲ သိနိုင်အောင် ကြားလူအဖြစ် ထားခဲ့ခြင်းဖြစ်လေသည်။

မလေး ရန်ကုန်တက္ကသိုလ်တက်သည့်နှစ်မှာတော့ မော်လမြိုင်မှာ ဖေဖေတစ်ယောက်တည်း ကျန်ခဲ့သည်။ ဖေဖေ့ညီမကလည်း

သူ့တာဝန် ပြီးဆုံးသွားပြီမို့ အိမ်ထောင်ပြုသွားသည်။ ဖေဖေသည် မြစ်ကမ်းဘက်ကို မျက်နှာပြုထားသော သည်အိမ်ကြီးမှာ တစ်ယောက်တည်း မငြီးမငွေ့ နေခဲ့လေသည်။

'တစ်ခုတော့ ဖေဖေ တောင်းပန်ပါရစေ သမီးရယ်'

မလေးသည် တွေဝေ ငေးငိုင်နေရာမှ ဖေဖေ့ကို မျက်နှာချင်းဆိုင်ရပြန်သည်။

'သမီးကို အသိမပေးဘဲ ပဲခူးမှာ အကျဉ်းချုံး လက်ထပ်လိုက်တဲ့အတွက် သမီး မကျေနပ်နိုင်ဘူးဆိုတာ ဖေဖေ သိပါတယ်၊ တကယ်တော့ ဖေဖေတို့လဲ လူငယ်တွေ မဟုတ်တော့ဘူး၊ သည်ရောက်မှ မင်္ဂလာပွဲတွေ ဘာတွေ လုပ်နေရင်လဲ သမီးလဲ စိတ်ထိခိုက်မယ်၊ ခုတော့ အားလုံးသိပြီးသား ဆိုတော့ သူတို့ရောက်လာတဲ့အခါမှာလဲ မျက်နှာမပူရတော့ဘူး၊ အဲ တစ်ခုပဲ ဖေဖေ တောင်းပန်ချင်တာက'

ဖေဖေသည် မျက်လုံးများကပါ တောင်းပန်ဟန်ဖြင့် မလေးကို ကြည့်လေသည်။ ပြီးမှ ခပ်လေးလေးဆက်ပြောသည်။

'သူတို့ ရောက်လာတဲ့အခါမှာတော့ သမီးက ကြည်ကြည်ဖြူဖြူ မဟုတ်တောင်မှ ခါးခါးသီးသီး မလုပ်ဘဲ လိုက်လိုက်လျောလျော ဆက်ဆံဖို့ပါပဲ သမီးရယ်'

ထိုစကားကိုပြောစဉ် ဖေဖေ့ အသံသည် တုန်ယင်အက်ကွဲနေလေသည်။ မလေးကိုယ်တိုင်ကလည်း မျက်ရည်စများကို မျက်တောင်ဖြင့် တဖျပ်ဖျပ် ခပ်သွင်းလိုက်ရသည်။ တကယ်တော့ သူသည် ဖေဖေ့အရင် ဦးအောင် အိမ်ထောင်ပြုလိုက်ဖို့ ကောင်းသည်။ သို့သော် မောင်က လက်ထပ်ဖို့ကိစ္စကို သူ အင်္ဂလန်မှပြန်

လာသည်အထိ ရွှေ့ဆိုင်းထားရန် တောင်းပန်သွားသည်။ သို့သော် ရေရာလှသည်တော့ မဟုတ်။ မောင့်မိဘများက သူနှင့် သဘောမတူဘူး မဟုတ်ပါလား။ ဖေဖေကတော့ သည်အကြောင်းတွေကို သိဟန်မတူပေ။ မလေးသည် ဖခင်တစ်ယောက်တည်းကိုသာ တွယ်တာနေဆဲဟု အောက်မေ့ပေသည်။ သည်အတွက်တော့ မလေးသည် ကြီးကြီးကျယ်ကျယ် အပြစ်မရှိဟု အောက်မေ့လိုက်သည်။ သို့သော် ဖေဖေ့အတွက်ကျမှ သူဘာကြောင့် သည်မျှ စိတ်ထိခိုက်နေသည်ကို မတွေးတတ်တော့ပေ။

တကယ်တော့ ဖေဖေ့ကို မလေး သိပ်ချစ်၏။ ငယ်ငယ်ကဆိုလျှင် ဖေဖေနှင့် အမြဲအတူအိပ်သည်။ မေမေဆုံးပြီးတော့လည်း ဖေဖေ့ ရင်ခွင်ကြားမှာ တိုးဝင်စမြဲ။ ဖေဖေ့ညီမ အန်တီလှက မလေးကို သူနှင့် အတူအိပ်ရန် အတင်းခေါ်သောညက မလေး မျက်ရည်ကျခဲ့ရသည်။ ယခု ဖေဖေက သူစိမ်းမိန်းမတစ်ယောက်နှင့် အတူနေဦးမည်။

မေမေရှိစဉ်ကပင် မေမေနှင့် ဖေဖေ့ကြားမှာ အတင်းနေရာယူခဲ့သော မလေးသည် ယခုတော့ ဖေဖေ့ကို အပြီးအပိုင် စွန့်လွှတ်ရတော့မည်။ ပြီးတော့ ဖေဖေ လက်ထပ်ယူခဲ့သော မိန်းမသည် ဖေဖေ့ ငယ်ရည်းစားလည်း ဖြစ်ခဲ့သည်။ ဖေဖေနှင့် မေမေသည် မိဘသဘောကျ ပေါင်းသင်းခဲ့ရသူများ ဖြစ်၏။ သို့သော် ဖေဖေသည် မေမေ့ကို ကြင်နာစွာ ပေါင်းသင်းခဲ့သည်ကိုတော့ မလေး သတိရနေသည်။ မေမေ ကင်ဆာရောဂါဖြင့် မျှော်လင့်ချက်ကင်းမဲ့စွာ အိပ်ရာပေါ်မှာ လဲနေစဉ်ကလည်း ဖေဖေသည် သူ သံယောဇဉ်တွယ်လှသော စက်လှေများ၊ ပွဲရုံလုပ်ငန်းများကိုပစ်ကာ မအိပ်မနေ

ပြုစုခဲ့၏။ ဖေဖေသည် လင်ကောင်းတစ်ယောက် ဖခင်ကောင်း တစ်ယောက် ဖြစ်သည်။

သို့သော် မလေးရင်ထဲမှ မနာလိုစိတ်ကိုတော့ တားဆီး၍ မရပေ။ အသက်အရွယ်အရ၊ အလုပ်အကိုင်အရ ရင့်ကျက်ဖို့ အချိန်တန်ပြီဆိုသော်လည်း မလေးအတွက်တော့ မိခင်ကိုယ်စား မှီတွယ်ခဲ့ရသော ဖေဖေ့ရင်ခွင်သည် ပူပူနွေးနွေးပင် ရှိသေးသည်။ ပြီးတော့ ဖေဖေ့ကို မလေးလက်မှ လုယူသူသည် ဖေဖေ့ ချစ်ဦးသူ ဖြစ်ခဲ့သည်ဆိုတော့ မေမေ့အတွက်ပါရောပြီး မလေးစိတ်မှာထိခိုက် သည်။

ဖေဖေက သူတို့လာလျှင် လိုက်လိုက်လျောလျော ဆက်ဆံဖို့ ပြောနေပြန်သည်။ သူတို့ ဆိုသည့်ထဲမှာ မခင်ငြိမ်း၏သား မောင်တင်ဦးလည်း ပါသည်။ နှစ်အိမ်ထောင်ပေါင်းပြီး မိသားစု တစ်စုတည်းဖြစ်အောင် ဖေဖေက ဖန်တီးလိုသည်။ တစ်ဖက်က လည်း တစ်ဦးတည်းသောသားတဲ့၊ မှုမှုတတ သဘောထားတတ် သော ဖေဖေ့ စိတ်ရင်းကို သိသော်လည်း မလေးရင်က မနာလို မုန်းတီးစိတ်ကို တားဆီးမရပေ။ ဖေဖေက မလေး အဖြစ်ကို ကောင်းစွာရိပ်မိပုံရ၏။

'သမီး သိထားဖို့က'

ဖေဖေက စကားဆက်ရပြန်သည်။

'ဖေဖေက သမီးအပေါ်မှာ ဘယ်တော့မှ အချစ်မပျက်ဘူး ဆိုတာပါပဲ သမီးရယ်'

မလေးက စကားပြောနိုင်ဖို့ အားယူရတော့၏။

'စိတ်ချပါ ဖေဖေ'

ဖေဖေ့အပေါ် အနိုင်ယူတတ်စမြဲဖြစ်သော မလေးအသံက ညင်သာ နူးညံ့ခြင်းတော့ မရှိလှပေ။

'သမီးလဲ သည်လောက်တော့ မရိုင်းပါဘူး၊ ဒါပေမဲ့ ဖေဖေ မေမေတို့ကို ချစ်သလောက်တော့ သမီး သူတို့ကို မချစ်နိုင်တာ အမှန်ပဲ ဖေဖေ၊ သည်အတွက်တော့ သမီးကို ခွင့်လွှတ်ပါ'

မလေးသည် မငိုတော့ပါဘူးဟု စိတ်တင်းထားသည့်ကြားမှ မျက်ရည်များ ကျလာ၏။ ဖေဖေသည် ကြေကွဲဝမ်းနည်းဟန် ရှိသော်လည်း မလေးကို အားယူ၍ ပြုံးပြ၏။

'ဖေဖေ သိပါတယ်ကွယ်၊ သမီးဟာ ဖေဖေ့ကို စိတ်ဆင်းရဲအောင် လုပ်မယ် မဟုတ်ဘူးဆိုတာ၊ သမီးဟာ သမီးစိတ်ထဲရှိတာ ဟန်မဆောင်ဘဲ ပြောတတ်တယ်ဆိုတာလဲ ဖေဖေ သိတာပဲ၊ ပြီးတော့ သမီးရဲ့ ဖြူစင်တဲ့ စိတ်ထားဟာ တစ်ဖက်သားကို ထိခိုက်အောင် မလုပ်တတ်ဘူးဆိုတာလဲ ဖေဖေ ယုံပါတယ်'

ဖေဖေသည် နေရာမှထလာကာ မလေး၏ပခုံးများကို ဆုပ်ကိုင် နှစ်သိမ့်လိုက်သည်။ ချီးမွမ်းသယောင်နှင့် သူ့ဘက်ပါအောင် ပြောသွားသော ဖေဖေ့ စကားကိုလည်း မလေးက အကင်းပါးစွာ သိလိုက်သည်။ သို့သော် မလေးကလည်း ပြုံးလိုက်ရသည်။

'ရုတ်တရက်ဆိုတော့ သမီး ဝမ်းနည်းတာပါပဲ ဖေဖေ၊ ကျန်တာတွေကတော့ သမီးလဲ ဖေဖေ့ကို သည်လောက် မှီတွယ်နေဖို့ မသင့်တော့ပါဘူး၊ သမီးဘာသာ ကိုယ့်ဘဝကိုယ် ရပ်တည်ရတော့မယ့် အရွယ်ပါ'

ဖေဖေသည် တုန်လှုပ်ချောက်ချားစွာဖြင့် မလေးကို ကြည့်သည်။

'အို သမီးရယ်၊ သမီး ဖေဖေ့ကို ခွဲသွားဖို့ မလိုပါဘူး၊ သည်အတွက်တော့ ဖေဖေ ခွင့်မပြုနိုင်ဘူး၊ ဖေဖေလဲ သမီးကို မခွဲနိုင်ဘူး၊ ဖေဖေ့ သမီးဟာ အိမ်ထောင်ကျပြီး သားတွေ သမီးတွေ မြေးတွေရတဲ့အထိ ဖေဖေနဲ့ နေရမယ်၊ ဖေဖေနဲ့ အတူနေရမယ်'

ယခုတော့ ဖေဖေ့ မျက်လုံးတွင် မျက်ရည်တွေ ဝဲစပြုနေပါပကော။

\+ \+ \+

အိပ်ရေးဝအောင် အိပ်ပစ်လိုက်မည်ဟု တွေးထားသော်လည်း စောစီးစွာပင် အိပ်ရာမှ နိုးလာ၏။ သည်တစ်ပတ်လုံးလုံး မလေး အိပ်ရေးမဝခဲ့။ ကျောင်းတွင်လည်း တပည့်များကို စာသင်ရအော်ရဟစ်ရသဖြင့် ပင်ပန်း၍လာခဲ့သည်။ အိမ်ရောက်တော့လည်း စိတ်ပင်ပန်းရပြန်လေသည်။ ခါတိုင်းတော့ ကျောင်းမှ ပြန်ရောက်လျှင် အိမ်တွင် ဆီးကြိုမည့်သူ မရှိသည့်တိုင် မလေးအတွက် မလေး၏ အိမ်သည် အစဉ်အေးချမ်းသာယာမြဲ။ အိမ်ရောက်လျှင် တံခါးများကို အကုန်လိုက်ဖွင့်ပြီး ဖုန်တက်နေတတ်သော ကြမ်းများကို ပြောင်အောင်လှဲသည်။ စာအုပ်များကို စနစ်တကျ ချသည်။ ပန်းအိုးများကို ရေလဲသည်။ သောက်ရေအိုး ဖြည့်သည်။

မနက်ကျောင်းမသွားခင်က ချက်ထားခဲ့သော ဟင်းများကို ပြန်နွေးရင်း ထမင်းအိုးတစ်လုံး တည်သည်။ ရေမိုးချိုး၍ အားလုံးအဆင်သင့်ဖြစ် နေချိန်တွင် ဖေဖေ ပြန်ရောက်လာတတ်လေသည်။ ဖေဖေ့ကို ညစာ ပြင်ဆင်ကျွေးမွေးပြီး အချိုပိုင်းတွင် သားအဖ

နှစ်ယောက် ကြည်ကြည်နူးနူး စကားပြောကြသည်။ အထူးသဖြင့်တော့ မလေးကသာ ဖေဖေ့အနားမှာ သာလိကာတစ်ကောင်လို စကားတွေ တတွတ်တွတ် ပြောစမြဲ၊ မလေး၏ စာတော်သည့် တပည့်များအကြောင်း၊ ဆင်းရဲသည့် တပည့်များအကြောင်း ခေါင်းမာသည့် တပည့်များအကြောင်းကို ဖေဖေသည် နာမည်က အစ အလွတ်ရလုနီးနီး ဖြစ်၍နေလေသည်။

'အဲသည် ကောင်လေးဟာလေ တော်တော်ဆိုးတာ ဖေဖေရဲ့' ဟု မလေးက အစချီလျှင် 'ဟိုတစ်ခါ ကျောင်းလစ်ပြီး ရုပ်ရှင်သွားကြည့်နေတယ် ဆိုတဲ့ မောင်အေးလွင်လား'ဟု ဖေဖေက ဝင်ထောက်တတ်သည်။

တစ်ခါတစ်ရံတော့လည်း မလေးသည် အေးချမ်းတိတ်ဆိတ်စွာ စာတစ်အုပ်ကို ထိုင်ဖတ်နေတတ်လေသည်။ ထိုအခါမျိုးတွင် ဖေဖေက သူ့အလုပ်ကိစ္စ စာရင်းဇယားများဖြင့် အလုပ်ရှုပ်နေတတ်သည်။ မလေးသည် သူ စိတ်လိုလျှင် အကူအညီပေးတတ်သော်လည်း နွဲ့ဆိုးဆိုးချင်လျှင်တော့ ဖေဖေ့ စာရင်းစာအုပ်များကို ဆွဲဖယ်ပစ်ပြီး ကမ်းနားဘက်ကို လမ်းလျှောက်ဖို့ ခေါ်သည်။ ဖေဖေသည် အသက်လေးဆယ်ကျော်ပြီး ဖြစ်သော်လည်း ကျန်းမာနုပျိုဆဲပင် ရှိသေးသည်။ အစားအသောက် ဆင်ခြင်၍ အလုပ်ကို တက်တက်ကြွကြွလုပ်တတ်သောကြောင့် ဖေဖေ့ကိုယ်ခန္ဓာသည်လည်း ပေါ့ပါး ဖျတ်လတ်ဆဲ ရှိသည်။ ဖေဖေသည် နောက်အိမ်ထောင်ပြုဖို့ အရွယ်များစွာ ရှိသေးသည်ကို မလေး သတိမပြုမိခဲ့ပေ။ မလေးတို့သားအဖ လမ်းလျှောက်ထွက်လျှင် အကြောင်းသိသူများက 'သည်မောင်နှမ ဘယ်သွားမလို့လဲ'ဟု နောက်ပြောင်

တတ်ကာ အကြောင်းမသိသူများကတော့ အကဲခပ်သလို ကြည့်သွားတတ်သည်။ ထိုအခါမျိုးတွင် ဖေဖေသည် မလိုအပ်ဘဲနှင့် ဆောင်ထားတတ်သော တုတ်ကောက်ကို ဟန်ပါပါဝှေ့ယမ်းကာ ရှေ့မှ သွက်သွက် လျှောက်သွားတတ်လေသည်။

'သမီးအတွက် မိန်းမဖော်တစ်ယောက်တော့ လိုတယ်သမီးရဲ့' ဟု ဖေဖေက ပြောတတ်သော်လည်း ဇီဇာကြောင်သော မလေးက အိမ်ဖော် မထားချင် 'တစ်အိမ်လုံး ပစ်ထားခဲ့ရမှာ စိတ်မချဘူး' ဟု ပြောတတ်သည်။

တကယ်တော့ မလေးသည် ဖေဖေ့ကို အရွယ်ကောင်းသော ယောကျ်ားတစ်ယောက်ဆိုတာလည်း မေ့နေခဲ့သည်။ မိမိကိုယ်ကို အရွယ်ရောက်သော မိန်းကလေးတစ်ယောက်ဆိုတာကို မေ့ထားသည်။ ဖေဖေနှင့် မလေးသည် ချစ်ခင်ယုယစွာ ဖက်လှဲတကင်း နေလို့ရသေးသည်ဟုပဲ ထင်နေခဲ့သည်။ မေမေ မရှိသည့် အချိန်မှစ၍ ဖေဖေသည် မလေးကို ကိုယ်တိုင် ရေချိုးပေးသည်။ အိပ်ရာမှာ စောင်လပ်နေလျှင် တယုတယခြုံပေးသည်။ အရပ်ပွဲများ သွားကြည့်သည့်အခါ ကုန်းပိုး၍ပြသည်။

အန်တီလှ ရောက်လာသောအခါ ဖေဖေက မလေးကို အန်တီလှလက်ထဲ ထိုးအပ်လိုက်သဖြင့် မလေး မကျေမနပ်ဖြစ်ခဲ့ရသေးသည်။ အန်တီလှသည် မလေးကို ချစ်ခင်ယုယစွာ ပြုစုသော်လည်း ဖေဖေ့လက်များလောက် နူးညံ့ညင်သာခြင်း မရှိပါပေ။

တစ်ခါကတော့ မလေးသည် အပျိုဘော်ဝင်ခြင်းအဖြစ်ကို အထိတ်တလန့်ဖြစ်ကာ ဖေဖေ့ကို ဖွင့်ဟ တိုင်တန်းမိ၏။ ဖေဖေ့ မျက်နှာကြီးသည် သနားခြင်း၊ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့်

ရဲရဲနီလာကာ အန်တီလှကို အကြီးအကျယ် ဆူပူကြိမ်းမောင်းလေသည်။

'အသုံးမကျတဲ့ ကောင်မ၊ သည်အရွယ်မှာ မိန်းကလေး တစ်ယောက်ကို ကြိုတင်သင်ပြထားရမယ်ဆိုတာ မသိဘူးလား၊ ပြောပြမထားဘူးလား'ဟု အန်တီလှကို ရင့်ရင့်သီးသီး မပြောစဖူး ပြောလေသည်။

ထိုနေ့ညက ဖေဖေ အပြင်ထွက်သွားပြီး အတော်လေး ညဥ့်နက်မှ ပြန်လာသည်။

ဖေဖေသည် စိတ်မကောင်းဟန်ဖြင့် မေမေ့ဓာတ်ပုံကို ကြည့်ကာ မျက်ရည်တွေ ဝဲနေသည်။ သည့်နောက်တွင်တော့ မလေးသည် ခေါင်းကိုက် ဗိုက်နာသည်ကအစ ဖေဖေ့ကို မပြောဝံ့တော့ပေ။ ဖေဖေကတော့ မလေးကို ဂရုစိုက်မြဲစိုက်ကာ မလေးနေမကောင်းဘူးထင်လျှင် အမျိုးသမီးဆရာဝန် တစ်ယောက်ယောက်ဆီသို့ ချက်ချင်း သွားစေသည်။

အတွေးပေါင်းများစွာကို ကြိုးစား၍ ဖျောက်ဖျက်ရင်း မလေးအိပ်ရာမှ ထလိုက်၏။

သည်တစ်နေ့ပဲ၊ သည်တစ်နေ့ပဲ လွတ်လွတ်လပ်လပ် နေရတော့မှာ နက်ဖြန်ဆို သူတို့ ရောက်လာကြတော့မယ်၊ အဲဒီအခါကျရင် သည်အိမ်ဟာလည်း ငါ့လက်ငါ့ခြေအုပ်ချုပ်ရမယ့်အိမ် မဟုတ်တော့ဘူး၊ ဖေဖေ့ကိုလည်း ငါ မပိုင်တော့ဘူး၊ အနည်းဆုံး ငါ့ကိုယ်ငါတောင် အရင်ကလို ပိုင်တော့မှာမဟုတ်ဘူးဟု တွေးမိပြန်သည်။

အိပ်ရာကို သေသပ်စွာ ခေါက်လိုက်၏။ မလေးသည် တစ်ယောက်တည်းနေလာရသော်လည်း စည်းကမ်းရှိခြင်း၊ အသန့်

အပြန့်ကြိုက်ခြင်း၊ သေသေသပ်သပ် လုပ်တတ် ကိုင်တတ်ခြင်း တို့ကိုတော့ မေမေ့ဆီမှ အမွေရလိုက်သည်။ ခြင်ထောင်ကို ကြိုးလေးဖက်စလုံးဖြုတ်ကာ သပ်သပ်ရပ်ရပ် ခေါက်သည်။ အိပ်ရာဖုံး ဖြင့် အားလုံးကို လုံခြုံအောင် ဖုံးလိုက်သေးသည်။

ပြီးတော့မှ ကိုယ်လက်သန့်စင်ပြီး မီးဖိုထဲဝင်သည်။

ကမ်းနားမှ ဖေဖေ့တပည့်လေး လာပို့သွားသော ဈေးခြင်းကို ချပြီး နံနက်စာအတွက် ပြင်ဆင်ရသည်။ ခြင်းထဲတွင် မလေး မနေ့ညက မှာထားသော ဟင်းချက်စရာတွေ အစုံအလင်ရှိနေသည်။ ဖေ့ဖေ့အတွက် ကြက်သားနှင့် အာလူးချက်၊ မလေး ကြိုက်တတ်သော မရမ်းသီးသုပ်နှင့် ဟင်းခါးတစ်ခွက်၊ ပြီးတော့ မပါမပြီးသည့် မြိတ်ငါးပိထောင်းနှင့် တည်င်းသီးတို့စရာ။ မလေး သည် အိမ်ဝေယျာဝစ္စများကို စုံစေ့အောင် လုပ်နေမိလေသည်။

ထိုသို့လုပ်ရင်းမှလည်း 'သူတို့ ရောက်လာကြတော့မယ်၊ သူတို့ ရောက်လာကြတော့မယ်' ဟူသော အတွေးကို နှုတ်မှ ဆီမန်းမန်းသလို ရွတ်နေမိသေးသည်။

'မနက်ဖြန်ဆိုရင် ငါဟာ သည်အိမ်မှာ အိမ်ရှင် မဟုတ်တော့ဘူး၊ ငါ့လက်ရာတွေဟာလဲ သည်နေ့ နောက်ဆုံးပဲ၊ သူတို့က အိမ်ဖော် ကောင်မလေးတစ်ယောက်ပါ ခေါ်လာဦးမယ်ဆိုတော့ သည်အိမ်ကို သူ့စိတ်ကြိုက် ပြုပြင် စီမံတော့မယ်ဆိုတဲ့ သဘောပေါ့'

မိထွေးအပေါ်မှာ မကောင်းထင်ရမည်ဟု ငယ်စဉ်ကတည်းက အရိုးစွဲအောင် ဖတ်လာခဲ့ရသော ပုံပြင်များကို သတိရနေသည်။ မိထွေး၏ သူ့ထက်သာလျှင် မနာလိုသည့်စိတ်ကြောင့် ရွှေနန်း

တော်မှ တောကြီးမျက်မည်းထဲသို့ လွင့်ထွက်သွားရရှာသော ကရဏာရှင်မလေး မနှင်းဖြူ၊ မိထွေး၏ ငြူစူမှုကြောင့် ဖခင်ကိုယ်တိုင် တောထဲမှာ သေသေ ရှင်ရှင် ပစ်ထားခြင်းခံခဲ့ရသော သနားစရာ မောင်နှမနှစ်ယောက်၊ မိခင် ကမ္ဘာလိပ်မကြီးကို မိထွေး၏ အကောက်ဉာဏ်ကြောင့် ဖခင်ကိုယ်တိုင် သတ်သည်ကို မြင်ရသော မိန်းမလှလေးတို့သည် မလေး၏ ရင်ကို ဆွဲကိုင်လှုပ်ရှားစေခဲ့သော ပုံပြင်များဖြစ်၏။ ဖေဖေကတော့ ချစ်သူဟောင်း ဇနီးလောင်းကို မိထွေးတော်ဂေါတမီနှင့်များ တင်စားလေမည်လား မသိ။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ မလေးသာလျှင် ဖေဖေ့ကို ခွဲခွာကာ လွင့်ထွက်သွားရချေမည်ဟု အလိုလို ဝမ်းနည်းနေမိလေသည်။ အိမ်တစ်အိမ်ကို အိမ်ရှင်မနှစ်ယောက် စိုးမိုး၍ မရကောင်းပါပေ။

မလေးသည် ဖေဖေ့အတွက် ထမင်းပွဲကို အချိန်မီ ပြင်ပေးလေသည်။ ပြီးတော့ ညှော်ခန်းကိုထွက်ကာ ရှင်းလင်းသည်။ ခန်းဆီးများကို ဖြုတ်ချပြီး အသစ်လဲသည်။ ပန်းမစိုက်သည်မှာ ကြာပြီဖြစ်သော စားပွဲတင် ပန်းအိုးကိုလည်း ပြန်ရှာ၏။ ဖေဖေ့အိပ်ခန်းကိုတော့ မဝင်တော့ပေ။ တော်ကြာ ခုတင်အသစ်ရောက်လာလျှင် ဆင်ရဦးမည်။ ဖေဖေသည် မေမေရှိစဉ်က မလေးနှင့်အတူ သားအဖသုံးယောက် အတူအိပ်ခဲ့သော ခုတင်ကြီးကို မနှစ်ကပင် ရောင်းလိုက်ချေပြီ။ ဖေဖေတစ်ယောက် သူ့ဘာသာကျိတ်၍ စီစဉ်နေခဲ့သည်မှာ မည်မျှ ကြာပြီလဲမသိ။

မခင်ငြိမ်း၏ ခင်ပွန်းဖြစ်သူ ဆုံးသွားပြီဟု ကြားကတည်းကပင်လား မသိ။

ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာဟု ဆိုသည်ပဲလေ။ 'မောင်သာ မလေးကို သည်လောက်ချစ်ရင် ဘယ်လောက်ကောင်းမလဲ'ဟုလည်း ကြားဖြတ် တွေးလိုက်မိသေး၏။

'သမီးရေ ဖေဖေနဲ့အတူ ထမင်းလာစားပါဦးလားကွယ်၊ သမီး အလုပ်တွေ ထားလိုက်ပါဦး၊ သမီးကလဲ သမီးအိမ်ကို ပြင်ဆင်နေလိုက်တာ၊ ဧည့်သည်တွေလာမှာကျနေတာပဲ'

ဖေဖေက ရိုးရိုးပြောသော်လည်း မလေးရင်ထဲမှာ စူးခနဲဖြစ်သွား၏။ အခုလာမှာကတော့ အိမ်သည်တွေပါပဲလားဟု တွေးမိပြန်သည်။

ဘာပဲဖြစ်ဖြစ် မိမိတို့ သားအဖနှစ်ယောက်တည်းနှင့် အိမ်ကို မည်မျှ သပ်ရပ်သန့်ရှင်းစွာနေကြောင်း အိမ်ရှင်မအသစ်ကို ပြချင်သေးသည်။

'ဖေဖေ့ ခုတင်ကြီးက ဘယ်တော့ရောက်မှာလဲ'

ဖေဖေ့ မျက်နှာသည် ရဲခနဲဖြစ်သွား၏။ ခေါင်းငုံ့ပြီး ဟင်းချိုတစ်ဇွန်းကို ခပ်သွက်သွက်သောက်ချလိုက်သည်။

မလေးသည် ရင်ထဲမှာ ဘာမျှ မခံစားရသလို ထမင်းပန်းကန်ကိုယူ၍ ထမင်းအနည်းငယ် ထည့်သည်။

'မောင်သောင်း လာလုပ်ပေးပါလိမ့်မယ်ကွယ်၊ သမီး ဖေဖေ့အတွက် အပင်ပန်းမခံပါနဲ့'

မလေးသည် ဟင်းချိုတစ်ဇွန်းကို ခပ်၍သောက်၏။ 'ပေါ့လိုက်တာ' ဟု ရေရွတ်ပြီး ဆားအနည်းငယ်ဖြူးချသည်။ နောက်တစ်ခါသောက်တော့ ငန်နေပြန်သည်။ ဖေဖေကတော့ ဘာမျှ အရသာခံနေဟန်မတူဘဲ ပြီးစလွယ် စားနေလေသည်။

'သည်လိုလဲ ဘယ်ဟုတ်မလဲ ဖေဖေရယ်၊ သမီးစိတ်ထဲမှာ လုံးလုံးကြီး ကျေနပ်တယ် မဟုတ်ပေမဲ့ လုပ်စရာရှိတာတော့ လုပ်ရတော့မှာပေါ့၊ ခုချိန်ထိတော့ သည်အိမ်ဟာ သမီးအိမ်ပဲ မဟုတ်လား၊ ဖေဖေ့ကိစ္စလဲ သမီးကိစ္စပေါ့'

ဖေဖေသည် ခေါင်းမော့ကာ မလေးကို ရင်ဆိုင်သည်။

'အို ဖေဖေ ပြောပြီးပြီကော၊ နောင်ကိုလဲ သည်အိမ်ဟာ သမီးအိမ်ပါပဲ၊ ဖေဖေဟာလဲ သမီးရဲ့ဖေဖေပါပဲ'

ဖေဖေသည် မလေးကိုမစောင့်တော့ဘဲ ထမင်းစားပွဲမှ လျင်မြန်စွာ ထသွားလေသည်။ မလေးသည် သူ ဖေဖေ့ကို ဘာကြောင့် အနှောင့်အသွားမလွတ်သည့် စကားတွေချည်း ပြောနေမိရပါလိမ့်ဟု နောင်တရမိသည်။ ငယ်ငယ်ကတည်းက ဖေဖေ့ကို အနိုင်ယူခဲ့ရသောကြောင့်ပဲ ဖြစ်မည်တင်သည်။ နောင်ဆိုရင်တော့ စကားပြောဆင်ခြင်မှ၊ ဖေဖေ့ကို သည်လိုပြောလို့ရပေမဲ့ သူတို့ကိုတော့ သည်လို ပြောလို့ရမှာ မဟုတ်ဘူးဟု တွေးမိပြန်သည်။ သို့သော် မလေးသည် ရင်ထဲမှာရှိတာကို ပါးစပ်မှ အလွယ်တကူ ထုတ်ပြောတတ်သော မလေး ဖြစ်လေသည်။

စိတ်ညစ်ညူးဟန်ဖြင့် ဖေဖေသည် သူ့အလုပ်ရှိရာ ကမ်းနားသို့ ထွက်သွား၏။ တစ်ချိန်ကတော့ ဖေဖေသည် တစ်ဦးတည်းသော သူဌေးသားဖြစ်ခဲ့၏။ ဖေဖေ့မိဘများက မော်လမြိုင် ဇာတိ ချက်ကြွေများဖြစ်ပြီး တစ်ချိန်က သင်္ဘောများ၊ စက်လှေများကို ပိုင်ခဲ့၏။ ဖေဖေ့လက်ထက်မှာ အနည်းအကျဉ်းသာ ကျန်တော့သော်လည်း ဖေဖေ့မှာ တပည့်တပန်း လူယုံများရှိသည်။ ကုန်ကူးသည့် အလုပ်ကိုပါ ဖေဖေက တွဲ၍လုပ်သည်။ ပစ္စည်းဥစ္စာနှင့်

ပတ်သက်၍တော့ မလေးတို့မှာ ပူစရာမရှိ၊ မလေးကလည်း စည်းစိမ်ဥစ္စာကို မက်မက် မောမောမရှိလှ၊ သို့သော် အခွင့်အရေးကို ထိပါးလာလျှင်တော့ ခံနိုင်ရည် ရှိချင်မှ ရှိပေမည်။ မခင်ငြိမ်းက လည်း ပဲခူးမြို့ပေါ်မှာ အထည်သည်တစ်ဦးဆိုတော့ အထုပ်အထည် တော့ရှိမည်သာ၊ သို့သော် ဓနဥစ္စာထက် အရေးကြီးသည်က ချစ်ခြင်းမေတ္တာ၊ ချစ်မေတ္တာကို ခွဲဝေပေးလိုက်ရမှတော့ ဘာထူး တော့ မည်နည်း။

မလေးသည် ခါတိုင်းလို ဖေဖေ ထွက်သွားရာကို လိုက်မကြည့် တော့ဘဲ အိမ်ကိုသာ တစ်ယောက်တည်း စိတ်ကြိုက် ပြင်ဆင်နေ မိသည်။ သည်အိမ်သည် မလေး၏ အိမ်တစ်အိမ်၊ တစ်ချိန်က စည်းကမ်းသေဝပ်၍ စီမံအုပ်ချုပ်မှုကို နိုင်နင်းခဲ့သော မေမေ၏ အိမ်။ မကျန်းမာသည့်ကြားမှပင် ဘုရားပန်းတွေ တဝေဝေဖြင့် ကျက်သရေကို ထိန်းသိမ်းခဲ့သည့် မေမေ၏ အိမ်၊ သည့်နောက်တော့ မလေး၏ အိမ်။ မလေးသည် သူ့အိမ်ကို မေမေရှိစဉ်ကအတိုင်း လက်ရာမပျက် လှပခမ်းနားစွာ ပြင်ဆင်ခြင်းဖြင့် အိမ်ရှင်မအသစ် ကို အပ်နှင်းမည်။ ဤနည်းအားဖြင့် မလေး၏ မာနကို တစ်စွန်း တစ်စ ပြသမည်။ ဘုရားပန်းများကို လဲလိုက်သည်။ ရက်အတန် ကြာက ထိုးစိုက်ထားခဲ့သော ရွက်လှပန်းစိမ်းစိမ်းတွေကို စွန့်ပစ် လိုက်သည်။ သစ္စာပန်းတွေ ထိုးသည်။ မနက်ကျမှ နှင်းဆီပန်း လှလှဝယ်ပြီး လဲရမည်။ ကြမ်းတွေကို တစ်ထပ် ပြန်တိုက်သည်။ တော်ရုံ ကိုယ်မထိန်းနိုင်လျှင် မလေး၏ မှန်ရောင်ပြေးသော ကြမ်းတွေပေါ်မှာ ချော်လဲလောက်သည်။ အဆင်သင့် ချုပ်ထား ပြီးသား မတပ်ဖြစ်သေးသည့် ကုလားထိုင်စွပ်တွေကိုလည်း

တပ်ဆင်ရသည်။ နံရံနှင့် တံခါးကြားမှာ မှီတွယ်နေသော ပင့်ကူ
အိမ်များကိုလည်း ကြက်မွေးဖြင့် အသာသပ်ချ၏။

နံရံပေါ်မှ မေမေ့ ဓာတ်ပုံကို မြင်ရသည်တွင် မလေး၏ကိုယ်
ခန္ဓာနှင့် ခြေလက်တွေသည် ပျော့ခွေသွားသည်ဟု ထင်လိုက်ရ၏။
ကုလားထိုင်ပေါ်မှာ ခေတ္တထိုင်ချလိုက်ရလေသည်။

လူ့ဘဝကို စူးစမ်းတတ်ကာစအရွယ်မှာ မေမေ ဆုံးခဲ့ရသည်
ဆိုတော့ ထိုစဉ်က မြင်ကွင်းကို မလေး မမေ့နိုင်ပါချေ။ မေမေသည်
သူ့ဘဝ၏ နောက်ဆုံးအချိန်ကို အပြုံးမပျက် ရင်ဆိုင်သွားခဲ့လေ
သည်။ မလေးကိုလည်း မေမေနှင့် ဝေးရာမှာ အပေါင်းအဖော်များ
နှင့် ကစားနေရန် အမြဲနှင်လွှတ်တတ်သည်။ မလေး၏ နှလုံးသား
နုနုကို ထိခိုက်ပွန်းပဲ့မှာ စိုးဟန်တူသည်။ ကြောက်စရာ သေခြင်း
နိမိတ်တို့ကိုလည်း သိစေချင်ပုံမရ၊ မလေးသည် အိပ်ရာထဲမှာလဲနေ
သော မေမေ့ကို သနားသော်လည်း အမြဲတမ်း အနားမှာနေရန်
ငြီးငွေ့လှသည်။ မေမေ မြန်မြန်နေကောင်းပါစေဟု ဆုတောင်းခဲ့မိ
၏။ သို့သော် မေမေသည် လူ့ဘဝမှ စောစီးစွာနုတ်ထွက်သွားခဲ့၏။

မေမေ့တွင် အုပ်ထိန်းသူ အဒေါ်တစ်ယောက်မှလွဲ၍ ဆွေမျိုး
သားချင်း ရှားပါးလှသည်။ ခေတ်ပညာကို အနည်းအကျဉ်းသာ
သင်ယူခဲ့ရသော်လည်း အိမ်မှုရေးရာကို ကျွမ်းကျင်၏။ လင်
ယောက်ျားကိုရိုသေ၏။ စကားပြော သိမ်မွေ့ကာ သွားလာလှုပ်ရှား
ပုံက နူးညံ့ညင်သာသည်။ ထို့ကြောင့်လည်း ဖေဖေ၏ မိဘများက
မေမေ့ကို ချွေမလောင်းအဖြစ် ရွေးချယ်ခဲ့ကြသည်။ ခေတ်ပညာ
တတ် တက္ကသိုလ်ကျောင်းထွက် ဖေဖေကမူ မိဘသဘောတူသူကို
ယူရမှာ ဝန်လေးခဲ့၏။ သူ့တွင် ချစ်သူလည်း ရှိနေခဲ့သည်။

သို့သော် သူ့ချစ်သူက ငယ်သည်၊ လှသည်၊ ခေတ်မီသည်၊ သွက်လက်ချက်ချာသည်။ သည်အရည်အချင်းများကို ဖေဖေ့မိဘများက မသောမတွေ့လှ။ မိန်းမဆိုလျှင် ရိုးသားမှု၊ ဣန္ဒြေရှိမှု မိန်းမပီသမှုဟု ရှေးရိုးဆန်ဆန် အယူသီးသည်။ နောက်ဆုံးတော့ ဖေဖေသည် ပညာတတ်သူဌေးသားတို့၏ ထုံးစံအတိုင်း စိတ်ဆင်းရဲမခံတော့ဘဲ ခေါင်းညိတ်လိုက်၏။

လူငယ်တို့၏ သဘာဝကို လိုရာပုံသွင်းသော လူကြီးမိဘများသည် လူ့ဘဝကို ဦးစွာ စွန့်ခွာသွားကြ၏။ ထိုအခါ ကျန်ရစ်သူလူငယ်တို့မှာ သူတို့ထွင်ပေးခဲ့သော လမ်းအတိုင်း လျှောက်ရင်း လူ့ဘဝကို ရင်ဆိုင်ကြရလေတော့၏။ ဖေဖေသည်လည်း မိဘလက်ငုပ်လုပ်ငန်းများနှင့် ဗဟုသုတနည်းပါးသော်လည်း လင့်အလိုကိုသိသော မိန်းမတစ်ယောက်အဖြစ်ဖြင့် သူ့ဘဝကို ဆက်ခဲ့ရသည်။ နောက်တော့လည်း ဘဝကို မသိနားမလည်ရှာသေးသော သမီးတစ်ယောက်ဖြင့် ဆက်လက်ရပ်တည်ခဲ့ရပြန်သည်။

တကယ်တော့ ဖေဖေ့ဘဝသည် ယခုမှ စရသည်ဟု ဆိုရမည်ဖြစ်၏။

မလေးသည် မေမေ့ဓာတ်ပုံကိုကိုင်ပြီး အတန်ကြာ ငိုင်နေမိပြန်သည်။ ဖေဖေ၏ အသစ်တစ်ဖန် ပြန်လည်အစပျိုးသောဘဝတွင် အတိတ်ဟောင်းမှ မေမေဟူသော မိန်းမတစ်ယောက်၏ ပုံတူကို ဆက်လက်ထိန်းသိမ်းထားလိုပါ ဦးမည်လား။ တစ်စုံတစ်ဦးက မေမေ့ကိုကြည့်ပြီး မနာလိုငြူစူမှာ၊ စောင်းမြောင်းမဲ့ရွဲ့မှာကိုလည်း မခံနိုင်ပြန်ပေ။ မေမေ၏ ဓာတ်ပုံကို မလေး၏ အခန်းထဲမှာ ရွှေ့ချိတ်ဖို့ ဆုံးဖြတ်လိုက်၏။

ညနေစောင်းတွင် ဖေဖေသည် အိမ်ထောင်ပရိဘောဂအသစ်များနှင့်အတူ ပြန်လာ၏။ ဗီရိုနှင့် ခုတင်ကို သူ့တပည့်များက အလိုက်သိစွာပင် ဖေဖေ့အခန်းထဲ အရောက် ပို့ပေးကြသည်။ ပစ္စည်းများကို ရွှေ့ပြောင်းပြင်ဆင်နေသံများကို ကြားရသည့်အခါ မလေးရင်ထဲမှာ မနာလိုခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ပူလောင်ရပြန်သည်။ ခုတင်ကို တဒုန်းဒုန်းထုကာ တပ်ဆင်နေသံမှာလည်း မလေးအသည်းကို လာထုသကဲ့သို့ ဆူညံမြည်ဟည်းနေသည်။

မလေးတို့၏အိမ်နှင့် တစ်အိမ်ကျော်မှ အရာရာကို စပ်စုတတ်သော မအေးကြည်သည် ခြင်ထောင်၊ ခေါင်းအုံး အသစ်တွေကို ထုပ်ပိုးပွေ့ပိုက်ကာ ရောက်လာပြန်လေသည်။ ရုတ်တရက်တော့ မလေး အံ့အားသင့်သွားသည်။

'ဒါတွေက ဘာလုပ်ဖို့လဲ မအေးကြည်'

'အလိုတော်၊ မလေးအဖေ မှာထားတာတွေလေ'

'အိမ်မှာ ခြင်ထောင်အသစ်တွေ ရှိသားပဲ'

မလေးက တုံ့ဆိုင်းဆိုင်း ပြောလိုက်မိသည်။

'ဒါပေမဲ့ မလေးရဲ့ အဖေက သတို့သားကြီး မဟုတ်လား၊ သူ့စိတ်ကြိုက် သစ်သထက် သစ်တာကို လိုချင်မှာပေါ့'

မလေးရင်ထဲမှာ ဒေါသဖြစ်ခြင်းနှင့်အတူ ဝမ်းနည်းမှန်းတီးခြင်းတို့ကို ခံစားရပြန်သည်။

'ဘာလဲ၊ မလေးက မလေးအဖေ မိန်းမယူတာ သဘောမတူဘူးလား၊ တစ်ပင်လဲမှ တစ်ပင်ထူတဲ့ မလေးရဲ့၊ ဒါတွေဟာ မဆန်းပါဘူး၊ မလေးလဲ ကျောင်းဆရာမကြီးတောင်ဖြစ်နေပြီပဲ နားလည်မှာပေါ့'

အလွန်လှပျရှည်သော မိန်းမကြီးကို မလေး ထုရိုက်ချင်သည်။ ဖေဖေသည် မလေးကို မခိုင်းဝံ့၍ မအေးကြည်ကို တိတ်တဆိတ် ခိုင်းခဲ့ဟန် တူသည်။ မလေးသည် သူရွေးချယ်ထားသော အိပ်ရာ ခင်းနှင့် ခြင်ထောင်များကို ဗီရိုအဟောင်းထဲပြန်သွင်းပြီး ဆောင့် ပိတ်လိုက်မိ၏။ မအေးကြည်သည် ဖေဖေတို့အတွက် အိပ်ရာကို ပြင်ပေးလေသည်။

ဖေဖေကတော့ သူ့တပည့်များနှင့်အတူ နောက်ဖေးဆောင်မှ ပျက်စီး ယိုယွင်းနေသည့် နေရာများကို ပြုပြင်ဖာထေးနေသည်။ ဆယ်နှစ်ကျော်မျှ ငြိမ်သက်ဆွေးမြည့်စွာ ရပ်တည်ခဲ့ရသော အိမ်အိုကြီးကို အသက်ပြန်သွင်းနေသကဲ့သို့ ရှိနေတော့သည်။

'မနက်ဖြန် သူတို့က ဘယ်အချိန် ရောက်လာမှာလဲ'

အလွန် အလိုက်မသိသော မအေးကြည်ပါပဲ။ အသေးစိတ်က အစ အားလုံးကိုရင်ဆိုင်ရန် အသင့် ပြင်ဆင်ထားသော်လည်း တစ်ဖက်သားရှေ့မှာ အတိအလင်း ထုတ်ဖော်ကြေညာရမည်ကို ဝန်လေးနေမိပြန်သည်။

'မသိဘူး'

မလေးက တိုတောင်းစွာ ဖြေလိုက်၏။

'မအေးကြည် လာခဲ့ရဦးမလား'

'ဘာလုပ်ဖို့'

'ဩော် မလေးတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ပါ'

'ကိစ္စမရှိပါဘူး မအေးကြည်၊ မလေး အားလုံးကို ရင်ဆိုင်ဝံ့ တယ်၊ မလေး တစ်ယောက်တည်း တစ်လောကလုံးကို ရင်ဆိုင်ဖို့ အသင့်ပဲ'

မအေးကြည်သည် မလေး၏ စကားများကို နားမလည် တစ်ဝက် လည်တစ်ဝက်ဖြင့် သက်ပြင်းချကာ ပြန်သွားလေသည်။ အားလုံး ပြုပြင်ပြီးစီးသွားသောအခါ ပြန်လည်သစ်လွင်လာသော အိမ်ကြီးထဲမှာ မလေးနှင့် ဖေဖေ နှစ်ယောက်တည်းကျန်ရစ်သည်။ ဖေဖေက မလေးကို ရဲရဲ ရင်မဆိုင်ဝံ့သလို မျက်နှာလွှဲနေ၏။ မလေးက ဖေဖေ့အတွက် လက်ဖက်ရည်ပွဲကို ထုံးစံအတိုင်း ပြင်ဆင်ပေးပြီး သူ့အခန်းထဲ ပြန်ဝင်သွားသည်။

အိမ်ရှေ့မှ ရွှေ့ပြောင်းလာသော စာကြည့်စားပွဲမှာထိုင်ရင်း အဓိပ္ပာယ်မဲ့စွာ ငေးမောနေမိ၏။ အိမ်ရှေ့မှ ဖေဖေ၏ တိုးတိတ် ညင်သာသော လှုပ်ရှားသံများကို ကြားနေရ၏။

ဖေဖေ ပျော်နေသည်လား၊ စိတ်သိပ်လှုပ်ရှားနေသည်လား၊ ဖေဖေ၏ ပြန်လည် နုပျိုလာသော စိတ်ကူးယဉ် အတွေးများကြား တွင် မလေး ပါဝင်နိုင်ပါတော့မလား။

'မလေး'

ရုတ်တရက် ဖေဖေ၏ တင်းမာခက်ထန်သော အော်သံကြီး ကြောင့် မလေး လန့်ဖျတ်သွား၏။ ဖေဖေ၏ ခြေသံပြင်းပြင်းကို ကြားရပြီး မလေး အခန်းရှေ့မှာ ဘွားခနဲ ရပ်လာသော ဖေဖေ့ကို မြင်လိုက်ရသည်။ ဖေဖေ့ မျက်နှာတွင် ဝမ်းနည်းကြေကွဲခြင်း၊ ဒေါသဖြစ်ခြင်းတို့ ထင်ဟပ်နေ၏။

'ဖေဖေ'

မလေးသည် အားငယ်ဖျော့တော့စွာ ထူးလိုက်မိသည်။ ဖေဖေ့ မျက်နှာက ပျော့ပျောင်းမသွား။

'အိမ်ရှေ့က ဓာတ်ပုံ၊ ဓာတ်ပုံ ဘယ်မှာသွားထားသလဲ'

မလေးသည် မျက်ရည်များ ဝဲလျက်က သူ့စားပွဲပေါ်တွင် ထောင်ထားသော ဓာတ်ပုံဆီကို လှမ်းကြည့်လိုက်မိ၏။

'ယူခဲ့၊ အခု ပြန်ယူလာခဲ့'

မလေးသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် မေမေ့ဓာတ်ပုံကို ယူလာခဲ့ကာ အိမ်ရှေ့သို့ တုန်ယင်သောခြေလှမ်းများဖြင့် လှမ်းလာခဲ့ရသည်။ မေမေ့ ဓာတ်ပုံကို နေရာဟောင်းမှာ ပြန်ချိတ်ပြီး အခန်းထဲကို ပြန်ပြေးလာခဲ့ပါသည်။ ဖေဖေသည် ဧည့်ခန်းထဲမှာ ကျောက်ရုပ်တစ်ရုပ်လို ရပ်ရင်း ကျန်ရစ်ခဲ့လေ၏။

\+ \+ \+

အတိတ် ပစ္စုပ္ပန် အနာဂတ်ဟူသော ကာလသုံးပါးရှိသည့်အနက် ပစ္စုပ္ပန်ကာလသည် စိတ်ကို အထိခိုက်ဆုံးဖြစ်စေလိမ့်မည် ထင်၏။ ယနေ့ ကြုံရမည့်အဖြစ်များသည် မေ့ပျောက်ထား၍ရသော အတိတ်က အကြောင်းတွေ ဖြစ်လျှင် ဘယ်လောက် ကောင်းလေမလဲ၊ သို့မဟုတ်ပါကလည်း နောင်လာမည့် နှစ်ပေါင်းများစွာ ခေတ္တ ရွှေ့ထားလိုက်ချင်သည်။ သို့သော် သည်နေ့သည် သည်နေ့သာပဲ ဖြစ်၏။

အိပ်ရေးမဝသဖြင့် မလေး၏ မျက်လုံးများ ကျိန်းစပ်ရီဝေနေသည်။ သွက်လက်ပေါ့ပါးနေစေရန် ဟန်ဆောင် လှုပ်ရှားနေသော်လည်း စိတ်တွင်းမှာ လေးလံထိုင်းမှိုင်းနေ၏။ သည်မနက်တွင် ဖေဖေနှင့် မျက်နှာချင်း မဆိုင်မိစေရန်လည်း ရှောင်နေမိ၏။ ညက ငိုထားသော မျက်နှာဖောင်းအစ်အစ်ကို ဖေဖေ မမြင်စေလိုပေ။

ဖေဖေကလည်း သူ့ရင်တွင်းမှ ဝမ်းသာကြည်နူးမှုကို မလေး မရိပ်မိစေသောငှာ သတိနှင့် သွားလာလှုပ်ရှားနေပုံရ၏။ သို့သော် ဖေဖေ့ လှုပ်ရှားမှုကိုကား ဖုံးကွယ်၍မရပေ။ ဖေဖေသည် နောက်ဖေးကို ဝင်လာလိုက်၊ အိမ်ရှေ့ကိုထွက်လိုက်၊ နာရီကိုကြည့်လိုက်နှင့် ဂနာမငြိမ်ဖြစ်၍ နေလေသည်။

'ရထားဆိုက်ဖို့အချိန်နီးပြီ ဖေဖေ၊ ဟိုဘက်ကမ်းအထိ သွားကြိုရမှာဆိုတော့'

မလေးက အသံကိုထိန်း၍ ပြောလိုက်၏။ ဝမ်းနည်းသံသဝန်တိုသံ မပါအောင် သတိထား၍ ပြောရသည်။

'အေး၊ သွားမှပဲ'

ဖေဖေကလည်း စိတ်လှုပ်ရှားသံကို ဖုံးကွယ်ပြီး ပြန်ပြောသည်။ အင်းလေးတစ်ပတ်နွမ်းနှင့် ရှပ်အင်္ကျီဖြူဖြူကို ဝတ်ထားသော ဖေဖေသည် တိုက်ပုံအင်္ကျီမီးခိုးရောင်ကို ထပ်စွပ်လိုက်၏။ ဖေဖေက များစွာ နုပျိုသေးသည်ပဲ၊ ခန့်ညားသောအသွင်သည် တက်ကြွခြင်းကြောင့် ပို၍ ကျက်သရေ ရှိနေ၏။

'ဖေဖေ ထီးယူသွားဦးလေ၊ မိုးရွာချင်ရွာနေမှာ'

'ဪ အေး'

ဖေဖေ အယောင်ယောင်အမှားမှား ဖြစ်နေလေ၏။ အလုပ်ကိစ္စသွားလျှင် ယူသွားလေ့ရှိသော သားရေအိတ်အနက်ကို ယူလာပြီးမှ စားပွဲပေါ်မှာ ပြန်တင်ထားခဲ့သည်။

အိမ်ရှေ့တံခါးကိုဖွင့်ပြီး ဖေဖေ အပြင်သို့ထွက်လိုက် သည်ဆိုလျှင်ပင် မလေး ရင်ထဲမှာ များစွာဟာသွား၏။

'ဖေဖေ'

မလေးက တံခါးကို ပြန်မပိတ်သေးဘဲ ဖေဖေ့ကို တိုးတိုးခေါ်မိသည်။ လှေကားတစ်ဝက်သို့ရောက်နေသော ဖေဖေက ကြားဖြစ်အောင်ကြားကာ လှည့်၍ ကြည့်လေသည်။

'ဘာမှမဟုတ်ပါဘူး ဖေဖေ'

မလေး၏ အသံက မသိမသာတုန်ယင်နေသည်။ ဖေဖေ ချာခနဲ လှည့်ပြန်သွားလေသည်။ သြော် ဖေဖေ့ကို စိတ်ဆင်းရဲအောင် လုပ်မိပြန်ပြီဟု နောင်တရလိုက်မိသေးသည်။ ငယ်စဉ်ကလည်း ဖေဖေ အပြင်သွားကာနီးလျှင် နောက်ဆံတင်းအောင်သည်လိုပဲ'ဖေဖေ'ဟု နောက်ဆုံးတစ်ကြိမ် ခေါ်လိုက်တတ်သည်က မလေးအကျင့်ပါပဲ။

ဖေဖေ့ကျောပြင် ပျောက်ကွယ်သွားပြီး ဖေဖေ့ခြေသံလည်းဝေးသွားသည်။ ခါတိုင်းလို ပြတင်းပေါက်ဆီပြေးပြီး လမ်းပေါ်ရောက်နေသော ဖေဖေ့ကို မျှော်ကြည့်ဦးမည် စိတ်ကူးသော်လည်း မကြည့်တော့ပါဘူးဟု စိတ်ပိုင်းဖြတ်လိုက်သည်။ ဖေဖေနှင့် ကမ္ဘာကြီးတစ်ခု ခြားသွားပါပကော။

အိပ်ခန်းထဲသို့ ပြေးဝင်ပြီး အိပ်ရာပေါ်မှောက်ချကာ ငိုချလိုက်ရကောင်းလားဟု စိတ်ကူးမိပြန်သေး၏။ မငိုပါဘူးဟု စိတ်ကူးမိပြန်လေသည်။ မငိုပါဘူးဟု စိတ်ကို တင်းထားလိုက်ပြန်သည်။ မကြာခင် ဟိုဘက်ကမ်းမှာ ရထားဆိုက်မှာ၊ ပြီးတော့ သူတို့ ရောက်လာကြတော့မှာ၊ ရောက်လာကြတော့မှာ၊ အရေးထဲမှာ ဘာကြောင့်များ တနင်္ဂနွေနေ့ ဖြစ်နေရပါလိမ့်နော်၊ ကျောင်းပိတ်တော့ မလေး အိမ်မှာနေရမယ်၊ မလေး သူတို့ကို ဘယ်လိုရှောင်တိမ်းလို့ ရတော့မည်လဲ။

စိတ်ကို ဘယ်လိုနည်းနဲ့ ငြိမ်အောင် လုပ်ရပါ့မလဲ စဉ်းစားမိပြန်သည်။ အို သတိရပြီ၊ မောင့်စာတွေကို ထုတ်ဖတ်လျှင် ကောင်းပါလိမ့်မည်ထင်ရဲ့၊ အချိန်ကိုလည်း ကုန်မှန်းမသိ ကုန်စေနိုင်မည့် နည်းလမ်း ဖြစ်၏။

အိမ်ခန်းထဲဝင်ကာ စာတွေ ထုတ်မယူခင် မှန်ကို တစ်ချက်ကြည့်မိသည်။ ဆံပင်များ သပ်ရပ်မှု ရှိ မရှိ ကြည့်မိ၏။ အင်္ကျီကို နေသားတကျ ဖြစ်အောင် ပြုပြင်သည်။ မျက်နှာကို ပေါင်ဒါနည်းနည်း ထပ်ဖို့သည်။ မလေး ဘာအတွက် ပြင်ဆင်မိပါလိမ့်၊ မောင့်စာကို ဖတ်ဖို့အတွက် မိမိကိုယ်ကို ပြုပြင်နေသည်ဆိုလျှင်တော့ ရယ်စရာပင်ဖြစ်လိမ့်မည်။ သည်လိုဆိုတော့ မကြာခင်ရောက်လာမည့် သူတွေ အတွက်ပဲလား၊ အို သူတို့အတွက် မလေး ဘာကြောင့် လှပအောင် ပြင်ဆင်ထားရမှာလဲ၊ မလိုပါဘူးဟု တွေးရင်းက မှန်ကို တစ်ချက်ဝင့်ကြည့်ကာ မောင့်စာများကို ထုတ်ဖတ်သည်။

ပထမပိုင်းပေးပို့သော မောင့်ရဲ့ စာတွေထဲမှာ အချစ် အလွမ်းတွေနှင့်အတူ တိုင်းတစ်ပါးအတွေ့အကြုံတွေနှင့်လည်း ဝေဆာမြိုင်ဆိုင်၍နေသည်။ နောက်ပိုင်းတော့လည်း စိတ်အားထက်သန်မှုတွေ လျော့နည်းလာသလို ခံစားရ၏။ သို့သော် စာမှန်မှန်ရဆဲပါပဲ။ ဖေဖေကလည်း သည်ကိစ္စကို လုံးဝမသိဘဲတော့ မရှိ။ ဖေဖေ သိနေ၏။ ဖေဖေက ဖွင့်မမေးခြင်းမှာ သူ့ကိစ္စနှင့်သူ မအားနိုင်၍လား၊ မလေး အရိပ်အခြည်ကို စောင့်ကြည့်နေသည်လား မသိနိုင်ပေ။

မောင့်ဓာတ်ပုံတွေထဲမှ မလေး အနှစ်သက်ဆုံး ဓာတ်ပုံတစ်ပုံကို ဦးစွာ ကြည့်ရသည်။ နိုင်ငံခြားရောက်မှ ပို့ပေးသော ပုံတွေထက်

ကျောင်းတုန်းက သူငယ်ချင်းတစ်စုနှင့် ပျော်ပွဲစားထွက်စဉ်က ရိုက်ထားသော ဓာတ်ပုံကိုသာ မလေး ထပ်တလဲလဲကြည့်နေသည်။ အဲသည်ကတည်းကစပြီး မောင်က မလေးကို စိတ်ဝင်စားခဲ့ရတာ ဟု ဆို၏။

ထို့ကြောင့်လည်း သည်ဓာတ်ပုံလေးကို မလေး နှစ်သက်သည်။ နိုင်ငံခြားမှ ရိုက်ပို့သော ပုံတချို့မှာ မောင့်ဘေးမှာ ဂါဝန်ဝတ်သော မိန်းမတွေပါလာတတ်သေးသမို့ မလေး ငြူစူချင်သည်။ မလေးက အချစ်မှာ သဝန်တိုမှု လွန်ကဲတတ်တယ်ဆိုတာ မောင် မသိဘူးလားကွယ်၊ ဖြစ်နိုင်လျှင် မောင့်ကို နိုင်ငံခြား မသွားစေချင်ပါ။ သို့သော် သည်ခေတ်ထဲမှာ ကိုယ်ယူမည့် ယောကျ်ားကို နိုင်ငံခြားမသွားစေချင်တဲ့ မိန်းကလေး ရှိသေးရဲ့လားဟု မောင့်မမေ၏ ထေ့ငေါ့စကားကို တစ်ဆင့်ကြားခဲ့ရ၏။ မလေး ရင်နာသည်။ မလေးရဲ့ ဘဝမှာ ပြည့်ပြည့်စုံစုံ ရှိခဲ့လှပြီဟု ထင်သော်လည်း မောင်တို့ရဲ့ စည်းစိမ်ဥစ္စာ အရှိန်အဝါကိုတော့ အံတုယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့။ အင်ဂျင်နီယာဘွဲ့ရပြီး စာတော်သော သားအတွက် အစစ အဆင်ပြေအောင် ငွေလမ်း ခင်းပေးနိုင်သော မောင့်မိဘများက မလေးကို သိပ်ပြီးတော့ အထင်မကြီးကြ။ သူတို့နားမှာလည်း မိန်းကလေးရှင်တွေ ဝိုင်းဝိုင်းလည်နေသကိုး။

စိတ်သက်သာရာ ရှာဖွေမိသော မလေးအတွက် စိတ်ညစ်နွမ်းစရာတွေသာ တိုးပွားလာသည်မို့ စာနှင့် ဓာတ်ပုံတွေကို စားပွဲအံဆွဲထဲ ပစ်ထည့်ပြီး ဒုန်းခနဲမြည်အောင် ပိတ်ပစ်လိုက်သည်။ ခုလောက်ဆို ရထားဆိုက်ပြီ ထင်ပါရဲ့။ ဖေဖေ သိပ်ပျော်နေမှာပဲ။ မလေး ရင်မှာ သဝန်တိုမှုတွေ၊ ကြေကွဲမှုတွေဖြင့် ပြည့်နှက်နာကျင်

လာပြန်သည်။ ဒေါ်ခင်ငြိမ်းကို ဖေဖေ၏ မိတ်ဆွေတစ်ဦးအဖြစ် မလေး သိထားခဲ့၏။

သူတို့ မိသားစု မော်လမြိုင်ကို လာလည်ဖူးတာ သတိရသည်။ သူ့ခင်ပွန်း ဆုံးပြီးမှ မော်လမြိုင်ကို ဘယ်နှစ်ခေါက်ရောက်သလဲ၊ မလေး သတိမထားမိ၊ ဖေဖေကတော့ အခေါက်ခေါက်အခါခါ သွားကာ ကူညီပံ့ပိုးမှုတွေ ပေးခဲ့လေမည် ထင်ရဲ့။ ဈေးသည်ဆို တော့ လည်လည်ဝယ်ဝယ် ရှိပေလိမ့်မည်။

သွက်လက်ချက်ချာလွန်း၍ ဖေဖေ့ မိဘတွေက သဘောမတူ ခဲ့တာ ဖြစ်နိုင်သည်။ အမုန်းတရားတွေ ရင်မှာခိုဝင်လာပြန်သည်။ တစ်နေရာကို ထွက်သွားရရင် ကောင်းမှာပဲ၊ မလေး စာသင်ရတဲ့ ကျောင်းလေးနားမှာ တဲလေးတစ်လုံးဆောက်ပြီး ကလေးတွေ ကြားထဲ တိုးဝှေ့နေချင်လိုက်တာ။

သူတို့ သည်အိမ်မှာ ညနေစာ စားကြလိမ့်မည်။ မနက်က ဖေဖေကိုယ်တိုင် ဈေးမှာကာ မအေးကြည်ကို ခေါ်ချက်ခိုင်းသည်။ ချစ်ဦးသူအကြိုက်တွေ စီမံချက်ပြုတ်စေမည်ပေါ့။ မလေးက ဖေဖေ နှင့်အတူ ထမင်းစားခဲ့သေးသော်လည်း ဟင်းခွက်တွေကို စုံအောင် မကြည့်ခဲ့။

နောင်ဆိုလျှင် မလေးတို့အိမ်၏ ထမင်းဝိုင်းသည် ယခုထက် ပိုပြီး ခမ်းနားကြီးကျယ်လာပေလိမ့်မည်။ ဟင်းလျာတွေကလည်း တစ်ယောက်သော မိန်းမ၏အကြိုက် ဟင်းမျိုးစုံဖြင့် မြိုင်ဆိုင်၍နေ မည်။ အို၊ ဘာဖြစ်လို့ ဒါတွေကို တွေးနေရပါလိမ့်နော်။

မလေးတို့အိမ်မှာ အိပ်ခန်းနှစ်ခန်းသာရှိသည်မို့ အိမ်ရှေ့ဘုရား ခန်းကို ရှင်းလင်းပြီး ခုတင်တစ်လုံးချထားပေးရသည်။ ဒါကတော့

ဖေဖေ၏ ဝမ်းမနာသားအတွက်ပါ။ မလေးနှင့် ဘယ်လိုများ ဆွေမျိုးတော်စပ်ရပါမည်လဲ။ ရှက်စရာ မျက်နှာပူစရာကောင်းလှသည်။ အရွယ်ချင်း မတိမ်းမယိမ်း ရှိမည်ဖြစ်သော ယောကျာ်းတစ်ယောက်နှင့် တကယ်တမ်း သွေးသားလည်း မတော်စပ်ဘဲ တစ်အိမ်တည်း အတူနေရမည်မှာ အများပြောစရာ ကဲ့ရဲ့စရာ ဖြစ်မလာနိုင်ဘူးလား၊ ရုပ်ရှင်တွေထဲကလို မိဘချင်းယူပြီး သားသမီးချင်း ပြန်ပေးစားတာမျိုး ဖန်တီးလာရင်ကော။ အို ငါ ဘာတွေ တွေးနေမိပါလိမ့်။ သည်လောက်အထိ ဖြစ်မလာနိုင်ပါဘူး၊ ဖေဖေကလဲ မလေးကို စိတ်ညစ်နွမ်းအောင် သည်လောက်ထိ လုပ်ရက်မှာမဟုတ်ပါဘူး။

နာရီစက် တချက်ချက်မြည်သံနှင့်အတူ မလေးရင်မှာ တထိတ်ထိတ် ခုန်လာပြန်သည်။ မမြင်ရသေးသော အနာဂတ်ဘဝအတွက် ပူပင်စိတ်စော၍ နေမိပြန်သည်။ ဘဝတစ်ဆစ်ချိုးကွေ့၏ အတွေ့အကြုံတစ်ခုအဖြစ် သိသိမှတ်မှတ် ခံစားနေရသည်။ မေမေဆုံးပါးစဉ်က ငယ်ရွယ်လှသေးသည်မို့ သည်မျှ ခံစားမှု နက်ရှိုင်းခြင်း မရှိခဲ့။ မောင်နှင့် ခွဲရစဉ်ကတော့ နင့်ခနဲ ခံစားရသည်။ ယခုတစ်ခါ သည်ဘဝမှာ ပြင်းထန်စူးရှဆုံးပါပဲ။

'ဟော'

အိမ်ရှေ့မှ ကားတစ်စင်း ထိုးဆိုက်သံကြားလာရသည်။ ဖေဖေ အရေးကြီးသည့်အခါတိုင်း ယူသုံးလေ့ရှိသော ကားအသံမှန်း ကောင်းကောင်း မှတ်မိနေသည်။ လာကြပြီ လာကြပြီ။ သူတို့ လာ ကြပြီ။ မလေး ဘာလုပ်ရမလဲ၊ အခန်းထဲမှာပဲ ထိုင်နေရမည်လား၊ မဖြစ်သေးဘူး၊ မလေးက တံခါးဖွင့်ပေးရမှာ စောစောက

မအေးကြည်ကို ခေါ်ထားရရင် ကောင်းသားဟု တွေးကာ နောင်တရနေမိပြန်သည်။

\+ \+ \+

လှေကားမှတက်လာနေသော ခြေသံများကို ကြားရသည်။ နေရာမှ ရုတ်တရက် ထ ရပ်လိုက်မိသည်။

ပြီးတော့ ထိုင်မိပြန်သည်။ ထိုင်နေလို့ မဖြစ်နိုင်တော့တာကို သိပြီး မတ်တတ်ရပ်မိပြန်၏။ လုံချည်ပြန်ပြင်ဝတ်သည်။ မှန်ကို တစ်ချက်လှမ်းကြည့်သည်။ နဖူးမှ ဆံစများကို လက်ဖြင့်သပ်တင်လိုက်သည်။

သည်တစ်နေ့လုံး စိတ်လှုပ်ရှားနေသည်မှာ ဖေဖေ တစ်ယောက်တည်းမှ ဟုတ်ပါလေစ။ ယခုဆိုလျှင်တော့ ဖေဖေတစ်ယောက် မည်မျှ စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံနေပြီလဲ။ မလေးကတော့ စိတ်လှုပ်ရှားရသည်နှင့် အမျှ လေထဲမှာ တိမ်တွေ လွင့်နေသလို မရေမရာလည်း ဖြစ်၍နေ၏။

မလွဲမရှောင်သာ ရင်ဆိုင်ရမည့် တဒင်္ဂကတော့ ဆိုက်ရောက်၍ လာခဲ့ပြီ၊ ခြေသံများ တန့်ရပ်သွားသည်။ တံခါးဝမှ ခေါင်းလောင်းသံက တစ်ကမ္ဘာလုံး ကြားလောက်အောင် မြည်ဟီးသွားသည်။ တကယ့် တကယ်သာ မလေးသာ သိတတ် နားလည်တတ်လျှင် ခြေသံတွေ ကြားကတည်းက တံခါးဝမှာ အသင့်တံခါးဖွင့်ပြီး ရပ်ကြိုကာ နေသင့်သည်ပဲ။ သို့သော် သည်လောက် လှိုက်လှိုက်လှဲလှဲ အမူအရာကို မပြသင့်ဟု တွက်ဆထားမိတာလည်း ပါသည်။

ခေါင်းလောင်းသံ နောက်တစ်ကြိမ် မြည်လာပြန်သည်။ သမီးရေဟု ခပ်အုပ်အုပ်ခေါ်သော ဖေဖေ့ အသံကို ကြားရ၏။ အဝေးကမ္ဘာမှ လွင့်ပျံလာသည့် ဖေဖေ့အသံပါ။ ပြင်ပမှ အခြားမည်သူ့အသံကိုမျှ မကြားရ။ တိတ်ဆိတ်လွန်းလှသည်။ သူတို့ကလည်း မလေး၏ကြိုဆိုမှုကို စိတ်စောစွာ မျှော်လင့်စောင့်စားနေကြပုံရသည်။ နောက်ဆုံးတော့ လာမည့်ဘေးကို ပြေးတွေ့တော့မည်ဟု ဆုံးဖြတ်လိုက်သည့် လူသားတစ်ဦး၏အသွင်ဖြင့် မလေးသည် တံခါးရွက်ကို တည်ငြိမ်စွာ ဖွင့်လိုက်လေသည်။

\+ \+ \+

ကတ္တီပါသဲကြိုးအနက်များဖြင့် ရစ်သိုင်းထားသည့် ဖြူဖွေးသောခြေအစုံကို ဦးစွာ မြင်ရလေ၏။ ထို့နောက် ဆေးရေးပါတိတ်၏အောက်ခြေအနားမြိတ်လေး၊ မလေး၏ မျက်လုံးများက ထိုမှအထက်သို့ ဝင့်၍ ကြည့်လိုစိတ်မရှိ၊ မျက်လုံးအကြည့် အကျယ်အဝန်းကို တစ်လက်မမျှ ရွေ့လျားရန်ပင် ဝန်လေးမောဟိုက်၍နေလေသည်။ ရင်ထဲမှာလည်း တထိတ်ထိတ်ခုန်ကာ တံခါးရွက်ကိုကိုင်ထားသော လက်များက အားပျော့နွမ်းခွေ၍ လာသည်။

ကိုယ်ခန္ဓာ နောက်သို့ယို့ကာ ဖယ်ပေးလိုက်ပြီး ဧည့်ခန်းဆီသို့ လျှောက်လာမိ၏။ တံခါးဝမှာရပ်ပြီး နှုတ်ဆက်ဆီးကြိုသည့်စကားပြောသင့်သလား၊ မလေး မတွေးတောချင်ပေ။ ဖေဖေ့ကိုကောခါတိုင်းလို ဆီးကြိုသင့်ပါတော့မည်လား။ ဖေဖေက တစ်ယောက်တည်း ပြန်လာတာမှ မဟုတ်ပါဘဲလေ။

ညည့်ခန်းကုလားထိုင်များနား၌ ယောင်ချာချာ ရပ်နေမိ၏။ ဘာကြောင့်များ အတွင်းခန်းဘက်ကို အခု တန်းပြီးဝင်မသွားမိပါလိမ့်နော်၊ မလေး ဘာလုပ်ရမလဲ၊ ဖြူဖွေးသော ခြေအစုံက မလေးနောက်က ထက်ကြပ်မကွာ လိုက်ပါလဲ့ပါကလား၊ ထို့နောက် အချိုးကျလှပဆဲဖြစ်သော ခန္ဓာကိုယ်တစ်ခုက ကြိမ်ကုလားထိုင် တစ်ခုမှာ ညင်သာစွာ ထိုင်လိုက်၏။ ဖျတ်ခနဲ လက်သွားသော လက်စွပ်တစ်ကွင်း၏ အရည်အသွေးကို မြင်လိုက်ရပြီး အင်္ကျီရင်ဘတ်ဆီ ယပ်ခတ်ဟန်ပြုနေသော အမျိုးသမီးကြီးသည် ဤအိမ်ကြီး၏ အိမ်ရှင်မအသစ်ပါတကား။

'မိုးမရွာလို့ထင်ပါရဲ့၊ အိုက်လိုက်တာနော်'

မလေး ဘယ်သူ့မျက်နှာကိုမှလဲ မကြည့်၊ ဘာပြန်ပြောရမှန်းလဲ မသိဘဲ ကုလားထိုင်လွတ်တစ်လုံးမှာ ထိုင်ချမိပြီး ဒုတိယအကြိမ် နောင်တ ရပြန်သည်။ ဘာမှ မလှုပ်ရှားရဘဲ ကိုယ်ခန္ဓာတစ်ခုလုံးပျောက်သွားပြီး အိပ်ခန်းထဲရောက်သွားရင် မည်မျှကောင်းလိမ့်မည်လဲနော်။

'သမီးရေ၊ ဖေဖေ့အင်္ကျီ သိမ်းပေးပါကွယ်'

အခါတိုင်းတော့ ဖေဖေ့ အပေါ်အင်္ကျီကို ဆီးကြိုသိမ်းဆည်းတတ်သည့် မလေးပါပဲ။ သည်နေ့တော့ မလိုအပ်ဘူးထင်၍ လုပ်မပေးခြင်း ဖြစ်၏။ ဖေဖေကတော့ သတိရှိသည်လား သတိကြီးစွာထားနေရှာသည်လား မပြောတတ်၊ ရရှိမြဲ မလေး၏ အခွင့်အရေးတွေကို ပေးနေဆဲဖြစ်သည်။ မလေး ခေါင်းအမော့မှာ ဒေါ်ခင်ငြိမ်း၏ မျက်နှာကို မလွဲမသွေမြင်ရလေပြီ။

မလေးကို ပြုံးပြီးကြည့်နေ၏။ သြော် လှပနုပျိုဆဲ ထိုမိန်းမသည် ရိုးရိုးအအ တောသူတစ်ဦးမျှသာဖြစ်သော မလေး အမေနှင့်

တော့ အလှ ကျက်သရေချင်း ကွာပါဘိ။ သို့သော် အမေသာလျှင် အမေပါပဲ၊ သည်မိန်းမကတော့—

နွတ်ခမ်းလေးတွန့်ရုံမျှ ပြန်ပြုံးလိုက်မိသည် ထင်၏။ မတ်တတ်ရပ်ပြီး အဖေ့လက်မှ အင်္ကျီကို လှမ်းယူစဉ် မလေး လက်များ တုန်နေ၏။ ဖေဖေကလည်း ဟန်ဆောင်ကောင်းလှ သည်။ တစ်လောကလုံး ဘာဆိုဘာမျှ မပြောင်းလဲ နဂိုအတိုင်း ရှိနေသလိုပင်။

အိမ်ဖော်မလေးသည် ကြမ်းပေါ်မှာ ကျုံ့ကျုံ့ထိုင်နေ၏။ အလွန်သတိကြီးစွာ လှုပ်ရှားနေရမည့်အရပ်ဒေသကြီးကို အရောက် လာရသလိုပင်၊ သူ့အမူအရာက မျက်စိသူငယ်ဖြစ်၍ နေသည်။ သူ့နားမှာ သားရေအိတ်တွေ၊ ခြင်းတွေ ပုံနေသည်။ ကလေးသူငယ် များကိုသနားကြင်နာမြဲဖြစ်သော မလေးကစိတ်ထဲမှာသက်သောင့် သက်သာဖြစ်သွားကာ ထွက်ပေါက်လည်း ရှာ၍ တွေ့သွားသည်။

'လာခဲ့ကလေး၊ လိုက်ခဲ့'

မလေးက ထိုသူငယ်မကို ခေါင်းညိတ်၍ ခေါ်လိုက်သည်။ ပျော့ပျောင်းခြင်း တစ်ဝက်၊ ဆရာမလေသံတစ်ဝက် ဖြစ်သည်။ ကလေးမက ငေါက်ခနဲ ထ လိုက်လာသည်။

'ဟဲ့ ပစ္စည်းတွေပါ ယူသွားလေ'

သာယာသော်လည်း အသံသြဇာရှိသော ဒေါ်ခင်ငြိမ်းစကား ကြောင့် ကလေးမသည် သားရေအိတ်တစ်လုံးကို မ ကာ မလေး နောက်က လိုက်လာသည်။

'သွား သွား၊ ဟိုအခန်းထဲကိုယူသွား၊ ရော့ ရော့ သည်အင်္ကျီ ကိုပါ ယူသွား၊ အို နေဦး နောက်မှလာယူ'

ကလေးမသည် ယောင်ချာချာဖြင့်ပင် မလေးညွှန်ပြသည့် အခန်းထဲ ဝင်သွားရှာသည်။

မလေးက ဖေဖေ့ အင်္ကျီကိုကိုင်လျက် အခန်းဝမှာ ကျန်ရစ်၏။ ကလေးမ ပြန်ထွက်လာတော့ မလေးလက်ထဲမှ အင်္ကျီကို လှမ်းယူမည် ပြုသည်။

'နေဦး၊ အိမ်ရှေ့က ပစ္စည်းတွေ သွားယူချေဦး'

ကလေးမ အိမ်ရှေ့သို့ ထွက်သွားသည်။ မလေးသည် ဖေဖေ့ အင်္ကျီကို မလေးအိပ်ခန်းထဲမှာပင် ခေတ္တချိတ်ထားခဲ့ကာ နောက်ဖေးသို့ဝင်ခဲ့လေသည်။ သည်အချိန်မှာ စားစရာ သောက်စရာတစ်ခုခုကို စီစဉ်နေခြင်းက အသင့်တော်ဆုံးဖြစ်သည်။ လက်ဖက်ခြောက်နှပ်ဖို့ ပြင်ရသည်။ ထိုအချိန်မှာ မငယ်ကနောက်ဖေးသို့ရောက်လာသည်။

'ဒါကစားစရာသောက်စရာတွေ ဆရာမရဲ့၊ သည်အထဲမှာ လေ ကော်ဖီမှုန့်ပါတယ် ဆရာမ၊ အန်တီက ကော်ဖီမှုန့် ကောင်းကောင်းမှ သောက်တတ်တယ်တဲ့၊ ဆရာမ ကော်ဖီဖျော်မလို့လား ဟင်'

မငယ်ကလည်း စကားအကြွယ်သားပါကလား။

ဆရာမဆိုသော အခေါ်အဝေါ်ကို ဘယ်သူကများ သင်ထားလိုက်ပါလိမ့်။ အန်တီက ကော်ဖီမှုန့်ကောင်းကောင်းမှ သောက်တတ်တယ်ဟူသော စကားအတွက်တော့ အောင့်သက်သက်ဖြစ်သွားသည်။

'တို့အိမ်မှာတော့ လက်ဖက်ရည်ပဲ သောက်တယ်ဟေ့'

တို့ဟူသော အသံက နည်းနည်းမာသွားသည်။ မငယ်မျက်လုံးဝိုင်းသွားသည်။ သူ မ ယူလာသော ခြင်းထဲက ကော်ဖီမှုန့်ပုလင်းကိုတော့ ထုတ်ဖြစ်အောင် ထုတ်သည်။

'ဒါဆိုရင် ဆရာမတို့အတွက် လက်ဖက်ရည်ဖျော်၊ အန်တီ့အတွက် ကော်ဖီဖျော်ပေါ့နော်'

မငယ်က အလာကြီးပင်။

'ညည်းအန်တီအတွက် ကော်ဖီကို ညည်းဖျော်မှာလား၊ ငါဖျော်ရင် ညည်းအန်တီက ကြိုက်ချင်မှ ကြိုက်မှာ'

'ကြိုက်မှာပါ ဆရာမရဲ့၊ ကျွန်မ ဖျော်ရင်တော့ ချိုလွန်းလို့တဲ့၊ အန်တီက မကြိုက်ဘူး'

တော်တော်လည်တဲ့ မငယ်ပဲ၊ သူ့အန်တီအကြိုက်ကို မလေးဖျော်တတ်အောင် လိမ္မာစွာ ပြောတတ်သည်။

'ညည်းအသက် ဘယ်လောက် ရှိပြီလဲဟင်'

'ဆယ့်လေးနှစ် ဆရာမရဲ့၊ ကျွန်မက အန်တီ့ဆီမှာနေတာ နှစ်နှစ်ရှိပြီ၊ အန်တီကပြောတယ်၊ ဆရာမက သဘောကောင်းတယ်၊ ကလေးတွေကို စာသင်ပေးတာတဲ့၊ မငယ်ကိုတောင် စာသင်ပေးချင် သင်ပေးဦးမှာတဲ့'

'ညည်း ဘယ်နှတန်းအထိ စာသင်ဖူးသလဲ'

'တစ်တန်းတောင် မအောင်ပါဘူး ဆရာမရယ်၊ ရွာမှာ ကျောင်းနေတုန်း အဖေသေလို့ ကျောင်းထွက်လိုက်ရတယ်၊ အမေကလဲ ကလေးငါးယောက် မကျွေးနိုင်လို့ ကျွန်မကို ဟိုအိမ်သည်အိမ် ပို့တာ၊ အခုတော့ အန်တီ့ဆီမှာ ပျော်ပါတယ်၊ သည်အိမ်မှာတော့ မပြောတတ်သေးဘူးပေါ့လေ၊ ဒါနဲ့ ဆရာမက အပျိုကြီးလားဟင်'

မလေးစိတ်က စကားတတ်သော မငယ်၏ ဘဝကို သနားကြင်နာမိဆဲ၊ သူ့အမေးကြောင့် မျက်နှာ နီမြန်းသွားသည်။

လက်ဖက်ရည်တစ်ခွက်၊ ကော်ဖီတစ်ခွက်ကို လင်ဗန်းထဲထည့်ကာ မှန့်တစ်ပန်းကန်ပါ တင်ပေးသည်။ လက်သုတ်ပဝါပါ စုံလင်အောင် ထည့်ပြီး မငယ်လက်ထဲ ထည့်ပေးသည်။

'သေသေချာချာ ကိုင်သွားနော်၊ ငါ့ အပျိုကြီးလား ဘာလား ညည်းသိပြီးသား နေမှာပါ မငယ်ရယ်၊ သည်အိမ်မှာ စကားသိပ် မများနဲ့၊ ဒါနဲ့ နေပါဦး'

မလေးက တစ်စုံတစ်ရာ မေးမည်ပြုပြီးမှ မမေးဘဲ နေလိုက်သည်။

'ဘာမှမဟုတ်ဘူး၊ သွားတော့၊ ကောင်းကောင်းကိုင်နော်'

'ဟုတ်ကဲ့ပါ၊ ဆရာမအိမ်ကကြမ်းတွေက ချောနေတော့ ကျွန်မ ချော်လဲရင် ဒုက္ခပဲ'

'စကားမများနဲ့၊ ချော်မလဲအောင် သတိထားပေါ့အေ၊ သွား သွား'

မငယ် ထွက်သွားတော့ မလေး ဟင်းခနဲ သက်ပြင်းချပြီး ကျန်ရစ်သည်။ အိမ်ရှေ့ဆီမှ စကားပြော ရယ်မောသံများ ကြားရသည်။ ခါတိုင်းတော့ ဖေဖေနှင့် လက်ဖက်ရည်အတူသောက်ရင်း ရယ်ပွဲဖွဲ့စမြဲပါ။ ခုတော့လဲ မင်္ဂလာဦးမှာ သူတို့ ပျော်ရွှင်ပါစေ။ မလေးတော့ အထီးကျန်တစ်ကိုယ်ရည် ဘဝမှာ လွင့်မျောရဦးမည်။ အိမ်ခန်းထဲကိုပဲ ဝင်ခဲ့မိတော့သည်။ ဖေဖေဟာ မလေးရဲ့ ကမ္ဘာ အပြင်ဘက်မှာ ရယ်မော ပျော်ရွှင်နေတော့မှာပါလေ။

\+ \+ \+

'ဆရာမ ဆရာမ'

တံခါးကို ဖွဖွထုသံကြောင့် မလေး အိပ်ရာမှ ထခဲ့သည်။ အိပ်တော့ မပျော်ခဲ့ပါ။ ရယ်မောသံတွေ မကြားလို၍ နားကိုပိတ်ပြီး အတွေးကမ္ဘာ ဖြန့်ကျက်နေခဲ့မိသည်။ ဒေါ်ခင်ငြိမ်း၏ သားဆိုသူက တစ်ပါတည်း ရောက်မလာပါကလား၊ သူလည်းပဲ မလေးလိုပဲ မျက်နှာပူမည်မှာ အမှန်ပင်။ အင်းလေ သူ မလာဘဲ တစ်နေရာရာ မှာနေရင် အကောင်းဆုံးပါပဲ။ သို့မဟုတ် သူ ရောက်လာလျှင် မလေး တစ်နေရာရာ သွားနေရကောင်းမလား။

'ဆရာမ ဆရာမ'

ခေါ်သံ ထပ်ကြားရပြန်သည်။ မလေးက တံခါးကို ဖွင့်လိုက် သည်။ မငယ်က ရေမိုးချိုးပြီး သနပ်ခါးကွက်ကြားနှင့် တွေ့ရသည်။

'အန်တီနဲ့ ဦးဦးက ခေါ်တယ်၊ ထမင်းစားကြတော့မယ်လို့တဲ့'

သြော် ထမင်းစားချိန်တောင် ရောက်ပြီကိုး။ မလေး ထမင်းပွဲ ပြင်ပေးဖို့ လိုအပ်လေသလား။

'ဆရာမ မဆာသေးလို့ မစားသေးဘူးလို့ ပြောလိုက်နော်၊ မငယ် ထမင်းပွဲ ပြင်တတ်တယ် မဟုတ်လား၊ ထမင်းဟင်းတွေ အဆင်သင့်ပဲ ပြင်ပေးလိုက်၊ ကြားလား'

'ထမင်းပွဲက အန်တီပြင်ပြီးပါပြီ ဆရာမရဲ့၊ ဆရာမစားဖို့ လာပြောတာပါ'

'နောက်မှစားမယ် မငယ်'

'တစ်ခါတည်းလာစားပါလား ဆရာမရဲ့'

'နောက်မှစားမယ်လို့ ဆိုနေမှအေ၊ ခါတိုင်းလဲ ငါတစ်ယောက် တည်း စားနေကျပါ'

'သည်နေ့တော့ လာစားပါလား ဆရာမရယ်'

'သွားစမ်းပါအေ၊ သည်မယ် မငယ်၊ ငါက ဆရာမ၊ စကား သိပ်များတာ မကြိုက်ဘူးနော်၊ ညည်း စကားများရင် ညည်းကို ငါ စာသင်မပေးဘူး'

မငယ် လျှာတစ်လစ်ထုတ်ကာ ပြန်သွားသည်။ တံခါးကို ခပ်နာနာလေး ပိတ်လိုက်မိသည်။ ယခုတော့ သုံးယောက်စာ ထမင်းဝိုင်းကြီးပေါ့။ နောင် လေးယောက်ဝိုင်းလည်း ဖြစ်ချင်ဖြစ် လာဦးမည်။ ဖေဖေ့ရဲ့ မင်္ဂလာဦး ညနေစာ ထမင်းဝိုင်းကြီးမှာ မလေးက ဘယ်ထောင့် ဘယ်နေရာက ထိုင်ကြည့် နေနိုင်ပါမလဲ နော်။ စိတ်ကျဉ်းကျပ်ဖွယ်ရာ ကောင်းလှပါဘိ။ ဖေဖေရယ် ဘာကြောင့်များ အေးချမ်းသာယာတဲ့ သားအဖနှစ်ယောက် ဘဝမှာ မနေချင်ရတာလဲ။ တစ်ချိန်က လွဲချော်ခဲ့ရတဲ့ ဘဝရဲ့တောင့်တမှု ကို ကျန်ရှိနေဆဲ အသက်ပိုင်းမှာ အကောင်အထည်ဖော်နေပြီလား။ မလေးကတော့

တံခါးခေါက်သံကြောင့် မလေး ငေါက်ခနဲ ထ လိုက်မိပြန် သည်။ ယခင် ဖေဖေနှင့် နေစဉ်ကတော့ မလေး၏ အခန်းတံခါးကို အစဉ်ပိတ်ထားလေ့ မရှိတတ်ပေ။ ယနေ့မှစ၍ မလေး၏ အခန်း တံခါးကို လုံခြုံစွာပိတ်ပြီး သီးခြားကမ္ဘာ ထူထောင်ဖို့ စိတ်ကူးမိ ခြင်းသာ ဖြစ်၏။

'သမီး ထမင်းမဆာသေးလို့ပါ ဖေဖေ'

မလေးက တံခါးမဖွင့်သေးဘဲ လှမ်းပြောလိုက်သည်။

'သမီးရဲ့ ဖေဖေ မဟုတ်ပါဘူးကွယ်'

အလို၊ ဒေါ်ခင်ငြိမ်း အသံပါကလား။ မလေး ဘာလုပ်ရပါ့ မလဲ။ မျက်နှာချင်း မဆိုင်လို၍ သို့မဟုတ် မျက်နှာချင်းဆိုင်ရမှာ

မျက်နှာပူလွန်း၍ မလေး ရှောင်နေခြင်းပါပဲ။ ပြီးတော့ သူတို့နှစ်ဦး၏ တယုတယ အမူအရာတွေ ကိုလည်း မလေး ရှုမြင်နိုင်ခြင်းငှာ အင်အားမရှိ။

သို့သော် တံခါးကတော့ ဖွင့်ပေးမှ ကောင်းမည်။

မလေးက တံခါးကို ဖြည်းလေးစွာဖွင့်လိုက်တော့ သနပ်ခါးရေကျဲနှင့် အလှကျက်သရေရှိသော မျက်နှာတစ်ခုကို မြင်ရသည်။ သို့သော် ထိုမိန်းမသည် ဖေဖေ့ မိန်းမတည်း။

'မလေး မဆာသေးလို့ပါ အန်တီ'

မလေး၏ နှုတ်မှ အန်တီဟု စိမ်းကားစွာ ခေါ်လိုက်နိုင်ခြင်းအတွက် မလေး ဝမ်းသာသည်။ ထိုမိန်းမသည် မည်သည့်အခါမှ မလေး၏ မိခင်ရင်း ဖြစ်မလာနိုင်ပါ။

'သမီးက ပုစွန်ကြိုက်တယ်ဆိုလို့ ပုစွန်ထုပ်တွေလဲ ဝယ်လာတယ်လေ၊ မော်လမြိုင်မှာက အစားအသောက်ရှားတယ် မဟုတ်လား'

ဖေဖေ၏ စေ့စပ်ရေးအစီအစဉ်ပေတကား။ မလေး၏ ယဉ်ကျေးစွာ တုံ့ပြန်ဖို့အချက်ကိုတော့ လိုသေးသည်ပေါ့။

'မလေး နောက်မှ စားပါ့မယ်'

'ကောင်းပြီလေ၊ နောက်မှ အေးအေးဆေးဆေးစားနော်'

ဒေါ်ခင်ငြိမ်း ညင်သာစွာ လှည့်ထွက်သွားတော့ သက်ပြင်းကို ခိုး၍ရှိုက်မိ၏။ အို သည်မိန်းမဟာ မလေး ဖေဖေရဲ့အချစ်ကို ရယူသူ မဟုတ်ဘူးဆိုလျှင်တော့ အတော်ကို ခင်မင်နှစ်လိုဖွယ်ရှိမှာပါပဲ။ မလေးမှာ နှစ်ပေါင်းများစွာ မိခင်နှင့် ကင်းဝေးခဲ့ရသူမို့ မိခင်မေတ္တာကိုတော့ လိုချင်ပေသား။

ထမင်းစားပွဲမှ တိုးတိတ်ညင်သာသော ရယ်မောသံများကို ကြားရသည်။ မလေး နားနှစ်ဖက် ပိတ်ထားချင်သည်။ ဖေဖေ သိပ်ပျော်နေပြီပေါ့နော်။ မလေး ဘဝမှာတော့ ပျော်စရာဆိုတာ ရှိလာနိုင်ပါဦးမလား။ မောင်ကကော မလေးကို ပျော်ရွှင်ဖွယ်ရာတွေ ဆောင်ကြဉ်းပေးလာဦးမှာလား။

ထမင်းစားပြီးချိန်ကို မှန်းဆပြီး ဖေဖေ့ကို လက်ဖက်ရည် ဖျော်ပေးနေကျ အလေ့အကျင့်ကို သတိရပြန်သည်။ နောက်တစ်ခါ တံခါးခေါက်သံ ကြားရပြန်သည်။ ဟိုကောင်မလေးများလား။ လက်ဖက်ရည်ဖျော်ခိုင်းမည် စိတ်ကူးပြီး တံခါးဖွင့်လိုက်တော့ တည်ငြိမ်သော်လည်း သောကမကင်းသော၊ ပျော်လည်း ပျော်ရွှင်နေပုံရသော ဖေဖေ့ကို မြင်ရပြန်သည်။

'သမီးက ဖေဖေ့ကို လက်ဖက်ရည်ဖျော်မတိုက်တော့ဘူးလား'

ဖေဖေ့ အသံက ချော့မော့သံ၊ ကြေကွဲသံ၊ တောင်းပန်သံတွေ ရောယှက်နေသည်။ ဝမ်းနည်းသံ အပြည့်အဝပါနေသည်။ ဖေဖေက မလေး ပခုံးနှစ်ဖက်ကို ညင်သာစွာဆုပ်ကိုင်သည်။

'သမီးရယ် ဖေဖေ့ကို နားလည်ခွင့်လွှတ်ပါ၊ ဖေဖေ သမီးအပေါ် အမြဲချစ်နေတာ၊ သမီးက ဖေဖေ့ကို အနေစိမ်းမသွားပါနဲ့'

'မစိမ်းပါဘူး ဖေဖေ၊ သမီး ကျင့်သားမရသေးလို့ပါ'

ရင်ထဲက ကြိုတင်ရည်ရွယ်ခြင်း မရှိသော စကားလုံးတွေ ခုန်ထွက်သွားသည်။ ဟုတ်သည်လေ၊ ဘာဖြစ်ဖြစ် မလေး သည်ဘဝမှာ ကျင့်သားရအောင် နေရတော့မည်။

'သမီးကလဲကွယ်'

ဖေဖေ ထိုမျှသာပြောသည်။ မလေး မီးဖိုဘက်ထွက်လာတော့ ထမင်းစားပွဲဘေးမှာ ငုတ်တုတ်ထိုင်နေသော မငယ်ကို တွေ့ရ၏။ ကလေးမက ချစ်စရာအသွင် ရှိ၏။ သို့သော် စပ်စုနိုင်မည့်ပုံပေါ်၍ မလေး သတိထားရမည် ထင်သည်။ မျက်နှာကို တည်ထားမိ၏။ မလေး လက်ဖက်ရည်ဖျော်နေသည်ကို ထိုကလေးမက ငေးကြည့်နေသည်။ မလေးက လက်ဖက်ရည်ပန်းကန်ကို လင်ဗန်းထဲ ထည့်ပြီးချိန် မငယ် ငေါက်ခနဲထလာသည်။

'အန်တီ့ဖို့ ကော်ဖီဖျော်ရဦးမယ်လေ ဆရာမ'

မလေးရင်ထဲမှာ ဒေါသ ထောင်းကနဲထသွားသည်။

'ညည်းဖျော်တတ်တယ် မဟုတ်လား၊ ဖျော်'

ထိုအခါ မငယ်က ရယ်ကျဲကျဲလုပ်သည်။

'နေ့လယ်က ဆရာမဖျော်တဲ့ ကော်ဖီက ကောင်းတယ်တဲ့၊ အန်တီက ပြောတယ်'

'အလိုလေး၊ ညည်းတို့က ငါ့ကို ညာခိုင်းနေတာလား'

'မဟုတ်ပါဘူး ဆရာမရယ်'

သည်တစ်ချီတော့ မငယ် အသံက တကယ့်ကို ရိုးသားပြီး တကယ် စိတ်မကောင်းသံပါနေသဖြင့် မလေး စိတ်မကောင်းဖြစ်သွား၏။ ကော်ဖီတစ်ခွက် ထပ်ဖျော်ကာ ထည့်ပေးလိုက်သည်။ လင်ဗန်းကို မငယ်လက်ထဲ ထည့်ပေးပြီး ထမင်းစားပွဲမှာ ခပ်ငူငူ ထိုင်နေမိသည်။

မငယ် ပြန်ဝင်လာပြီး မလေးနားမှာ ထိုင်သည်။

'ဆရာမ၊ ထမင်းမစားသေးဘူးလား ဟင်'

မငယ်က တံတွေးတစ်ချက်မျိုပြီး မေးသည်။

'ငါ မဆာဘူး၊ နေပါဦး ညည်း ထမင်းမစားရသေးဘူး လား'

'အန်တီက ပြောတယ်၊ ဆရာမစားပြီးမှ စားတဲ့'

မလေးရဲ့ စာသင်ကျောင်းမှာတော့ တပည့်များနှင့်အတူ ထွေးရောယှက်တင် စားသောက်မြဲပါပဲ။ မလေး၏ ကလေးသူငယ် တွေအပေါ် ကြင်နာ သနားမြဲ နှလုံးသားကို တစ်စုံတစ်ရာက ဟန့်တားပိတ်ပင်နေသည်။

'သည်လိုဆိုလဲ ခူးအေ၊ စားမယ်'

မငယ်သည် သွက်လက်စွာဖြင့် မလေးအတွက် ထမင်းခူးပေး ရှာ၏။။ ဖေဖေ၏ စည်းရုံးမှုဖြင့် ဒေါ်ခင်ငြိမ်း ယူဆောင်လာသော ပုစွန်ဟင်းကို မငယ်က ဦးစွာ ချပေး၏။ မလေးက အိမ်ရှေ့ဆီ တစ်ချက်လှမ်းကြည့်ပြီးမှ ထမင်းကို စ စားသည်။ မငယ် မျက်နှာ ငယ်လေးဖြင့် ထိုင်စောင့်နေသည်။

'ညည်းဆာရင် ဝင်စားပါလား'

မငယ် ခေါင်းကို သွက်လက်စွာ ခါသည်။

'အန်တီ ဆူနေပါ့မယ်၊ ဆရာမ စားပါ၊ ဆရာမစားတာ ကြည့်လို့ ကောင်းတယ်'

'တော်စမ်းပါအေ၊ လာ လာ တစ်ခါတည်းဝင်စား'

'နေပါစေ ဆရာမရယ်'

'စားစမ်းပါအေ'

မငယ် သံပန်းကန်ပြားလေးတစ်ချပ်ဆွဲကာ အိုးထဲက ထမင်း ခူးပြီး ထမင်းပေါ်မှာ ဟင်းလေးနည်းနည်း ခပ်ယူစုပုံကာ ကြုံ့ ကြုံ့ထိုင်စားသည်။ ဒေါ်ခင်ငြိမ်းက စည်းစနစ်ရှိပုံရသည်။

'ရော့ ဟင်းတွေ ထည့်စား'

မလေးက မငယ်ဘက် ဟင်းပန်းကန်ကို တိုးပေးသည်။

'ဆရာမကလေ မျက်နှာ သိပ်တည်တာပဲနော်၊ ဒါပေမဲ့ သဘောကောင်းတယ်၊ အစ်ကိုလေးလိုပဲ'

'ဘယ်သူ'

'အစ်ကိုလေးကို ပြောတာပါ၊ အန်တီ့သားလေ'

'အန်တီ့သား၊ ဟုတ်လား'

'ဟုတ်တယ်၊ အစ်ကိုလေးကလဲ သိပ်သဘောကောင်းတာပဲ၊ ကျွန်မကို အမြဲတမ်း ဟင်းတွေချန်ထားတယ်'

'သူက ဘာလို့ လိုက်မလာတာလဲ'

မလေးနှုတ်က လွှတ်ခနဲမေးပြီးမှ နောင်တရသည်။ မငယ်ကို ပြန်ပြီး နှုတ်ပိတ်လို့တော့ မရနိုင်ပေ။

'အလုပ်လုပ်ဖို့ စာမေးပွဲဖြေရမယ်တဲ့၊ ပြီးတော့ အစ်ကိုလေးက လိုက်မလာချင်ဘူး၊ ရှက်တယ်တဲ့၊ အန်တီနဲ့ အစ်ကိုလေးလဲ ရန်ဖြစ်ကြတယ် ဆရာမရဲ့'

'ဘာတွေဖြစ်တာလဲဟင်'

'ဟိုလေ ဆရာမဖေဖေနဲ့ အန်တီနဲ့ အဲ အဲ'

လူရိပ်လူခြည် မြင်ရသဖြင့် မငယ် စကားတန့်သွားသလို မလေးပါ ခေါင်းငုံ့ကာ ထမင်းကို သွက်သွက်စားလိုက်သည်။

အစ်ကိုလေးက လိုက်မလာချင်ဘူး၊ ရှက်တယ်တဲ့ဟူသော စကားကို ကြားယောင်နေမိလေသည်။

\+ \+ \+

ထမင်းစားပြီးကြသောအခါ မငယ်သည် ပန်းကန်ခွက်ယောက် များကို သွက်လက်စွာပင် ဆေးကြောလိုက်သည်။ အလုပ်လုပ်ရင်း ကလည်း ပါးစပ်မှ တတွတ်တွတ် စကားပြောလျက်ရှိသည်။ သူ ပြောသမျှနှင့်ပင် ပဲခူးအိမ်အကြောင်းကို မလေး အကုန်အစင် သိရတော့သည်။ ဒေါ်ခင်ငြိမ်း၏ စည်းစနစ်ကြီးပုံအကြောင်း၊ သူတို့ အိမ်ကြီးမှ ပစ္စည်းတွေ စုံလင်လှသည့်အကြောင်း၊ မော်လမြိုင်မှာ ဘယ်လောက်ကြာကြာနေမည် မသိသေးသည့်အတွက် မယူခဲ့ သေးကြောင်း၊ ပြီးတော့လည်း အစ်ကိုလေးက လိုက်မလာသည့် အတွက် ဒေါ်ခင်ငြိမ်းက စိတ်မဖြောင့်သည့်အကြောင်း မငယ်က မမေးရဘဲ ပြောနေလေသည်။

'သူက သည်မှာ ဘယ်လောက်ကြာကြာ နေရမယ်မသိသေး ဘူးလို့ ပြောလို့လား'

မလေးက စူးစမ်း မေးမြန်းလိုက်သည်။

'ဟိုလေ၊ ဆရာမက သူ့ကို လိုလားချင်မှ လိုလားမှာတဲ့'

မငယ်က မလေးကို မဝံ့မရဲကြည့်ရင်း ဖြေသည်။

'ငါက မလိုလားတော့ကော သူတို့က ယူပြီးကြပြီဟာပဲ'

'ဒါပေမဲ့ ဆရာမက မနေစေချင်ရင် သူတို့ ပဲခူးမှာ နေကြ မှာပေါ့'

'ဘာပြောတယ်'

မလေး အသံက ကျယ်လောင်သွားသည်။ မျက်နှာထားလည်း တင်းမာသွားသည်။ မငယ်မှာလည်း သူ မပြောသင့်တာကို ပြောမိ ပြီဟု နားလည်သွားပုံရသည်။ သြော် မလေးကသာ သူတို့ကို ကြည်ကြည်ဖြူဖြူ မရှိဘူးဆိုလျှင် ဖေဖေ့ကိုပါ မလေးဆီက ခေါ်ထုတ်သွားဦးမှာပါကလား။

'အဟဲ၊ ဒါပေမဲ့ ဆရာမက သဘောကောင်းတာပဲနော်၊ ကျွန်မကတော့ ဆရာမနဲ့ နေချင်တယ်'

မလေး မီးဖိုဆောင်မှထွက်ပြီး အိမ်ရှေ့သို့ သွားမည်ပြုပြီးမှ ခြေလှမ်း တုန့်သွားသည်။ မလေးအတွက် နေစရာ အလွန်ကျဉ်း မြောင်းသွားပြီ။ အိမ်ရှေ့ကို ထွက်သွားလျှင် သူတို့နှစ်ယောက်နှင့် ရင်ဆိုင်ရဦးမည်လား။ မလေးသည် ဒေါ်ခင်ငြိမ်းကို ကြည်ဖြူသည် ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ သူ့စိတ်သဘောထားကို ဘယ်လိုမှ မရိပ်မိစေရဟု ဆုံးဖြတ်လိုက်သည်။

အိမ်ရှေ့တွင် စကားသံမကြားရ၊ အသံများ တိတ်ဆိတ်လျက် ရှိသည်။ သူတို့ မရှိကြပါကလား။ မလေး စိတ်စောစွာဖြင့် အိမ်ရှေ့ ထွက်ပြီး ကြည့်သည်။ သူတို့ မရှိ။

သူတို့ ဘယ်ထွက်ကြပြီလဲ။ ပြတင်းပေါက်ဆီသွားကာ ကမ်း နားဘက် မျှော်ကြည့်ပြန်သည်။ သြော် သူတို့ လမ်းလျှောက်ထွက် နေကြတာကိုး။ စကားတွေ ဖောင်ဖွဲ့ ပြောလို့မကုန်နိုင်အောင် ဖြစ်နေကြပါလား။

ပြတင်းတံခါးကို ဝုန်းခနဲဆွဲပိတ်ပြီး အိမ်ထဲပြန်ဝင်ခဲ့မိသည်။ ရင်ထဲတွင် တလှပ်လှပ်ခုန်နေဆဲ။ ပတ်ဝန်းကျင် အသိုင်းအဝိုင်း မှာတော့ သူတို့ နှစ်ယောက်သည် တရားဝင် ထင်ထင်ပေါ်ပေါ် ယှဉ်တွဲနေကြပါပြီကော။ အင်းလေ၊ ဒါတွေ သည်အတိုင်း ဖြစ် လာမည်ဆိုတာ မလေး မတွေးမိခဲ့ဘူးလား။ မလေး တစ်နေရာကို ထွက်သွားရ ကောင်းလေမည်လား။

'ကျွန်မ ဘယ်မှာအိပ်ရမလဲ ဆရာမ'

မှောင်ရီမပျိုးမီကပင် မငယ်သည် သမ်းဝေလျက်ရှိပြီး သူ့ခများလည်း ခရီးပန်းလာပေမည်။ သို့သော် ဒေါ်သင္ဘေ့က ရင်မှာ လောင်ကျွမ်းဆဲမို့ မငယ်ကို ဝေါက်လိုက်မိပြန်သည်။

'ညည်းဘာသာ အိပ်ချင်တဲ့နေရာ အိပ်ပေါ့'

မငယ်သည် မျက်လုံး ဝိုင်းစက်လာသည်။

'ကျွန်မ မီးဖိုချောင်မှာအိပ်မယ် ဆရာမ'

မလေး သက်ပြင်းချလိုက်သည်။

'မဖြစ်ပါဘူးအေ၊ ညည်း ငါ့အခန်းထဲမှာအိပ်၊ ဒါပေမဲ့ အိပ်ခါနီး စကားမများနဲ့နော်၊ ပြီးတော့ မနက်ကိုလဲစောစောထ၊ နေမြင့်အောင် မအိပ်နဲ့'

'ဟုတ်ကဲ့၊ ကျွန်မ စောစောထပြီး ထမင်းချက်နေကျပါ'

'အေး၊ ညည်းတို့ဘာသာ ချက်ကြ၊ ငါ မနက်အစောကြီး ကျောင်းသွားမှာ၊ ဟော လေ့ကားက ခြေသံကြားတယ်၊ တံခါးဖွင့်ပေးလိုက်ဦး'

မလေးသည် သွက်လက်စွာ ပြေးဝင်ခဲ့သည်။ အို မောလိုက်တာနော်၊ ငါ သည်တစ်ညကိုကုန်လွန်အောင် ဘယ်လိုများ အိပ်စက်ရပါ့မလဲ၊ မလေး သည်အိမ်မှာနေလို့ မျက်နှာချင်း မဆိုင်ချင်တော့။ နေသားတကျ ဖြစ်လာမယ့်အချိန်ထိအောင် မလေးရဲ့ စိတ်ဝေဒနာကို ဘယ်လောက်ကြာကြာ ကုစားရမလဲ။

မငယ်သည် တိတ်ဆိတ်စွာပင်ဝင်လာပြီး သူ့အိပ်ရာကို သူပြင်လေသည်။ မလေးအခန်းက ကျယ်ဝန်းသည်မို့ တစ်ဖက်နံရံနားကပ်ကာ ကြမ်းပေါ်မှာ ခြင်ထောင်ထောင်သည်။ သူ့တွင် ခြင်ထောင် ခေါင်းအုံး အစုံအလင်ပါသည်။

'မငယ် မနိုးရင် မနက်ကျ နှိုးပါ ဆရာမ'

မလေးက ဘာမှပြန်ပြီး အသံမပြုသဖြင့် မငယ် စောစီးစွာ အိပ်မောကျသွားသည်။ မလေးကတော့ တစ်ညတာ၏ နာရီ စက္ကန့်များကို စတင် ရေတွက်ရလေသည်။

\+ \+ \+

မလေးတစ်ယောက်သာ အိပ်ရာမှ နောက်ကျစွာ နိုးလာခဲ့၏။ ခါတိုင်းဆိုလျှင်တော့ မလေးသည် အိပ်ရာထ နောက်ကျလေ့မရှိခဲ့။ ဖေဖေ့ ဝေယျာဝစ္စကို စေ့စေ့အောင်လုပ်ပေးပြီး ကျောင်းကို အချိန်မီ ရောက်အောင် ပြင်ဆင်ရသည်။ ယနေ့တော့ မလေး နိုးလာချိန်မှာ အစစအရာရာ အသင့်၊ အိပ်ရာကို သေသပ်စွာ ခေါက်သိမ်းပြီးပြီ။ မလေး မီးဖိုဆောင်ကိုဝင်လာတော့ ထမင်းစားပွဲပေါ်မှာ လက်ဖက်ရည် ကော်ဖီ အဆင်သင့်ဖြစ်ပြီ။ ဟင်းအိုးကိုတောင် စတင်ပြင်ဆင်နေပြီ။ ဒေါ်ခင်ငြိမ်းသည် တကယ့် အိမ်ရှင်မကြီးပါတကား။

'ဟော သမီးလာ၊ လက်ဖက်ရည်သောက်၊ မငယ်ကတော့ သိပ်အဖော်ရတာ သမီးရေ၊ နောက်ဆို သမီးတော့ ကျောင်းကို အေးအေးဆေးဆေး ထမင်းဘူး အဆင်သင့်ယူပြီး သွားနိုင်ပြီ'

ဖေဖေက သာသာထိုးထိုး ပြောသော်လည်း မလေး အတွေးကတော့ ဒေါသမလွတ်၊ မလေး ဘာမှ ဝင်လုပ်စရာမလိုတော့ဘူးပေါ့။ သည်အိမ်မှာ မလေးက လူပိုဖြစ်သွားပြီ။ အစကတော့ မလေးက အဓိကအကျဆုံးလူလေ။

မလေးက စိတ်ထဲက ဘယ်လောက်ပဲ ငြိုငြင်သည်ဖြစ်စေ လက်ဖက်ရည် ချိုချိုဆိမ့်ဆိမ့်ကို သောက်လိုက်ရ၍ လန်းဆန်းသွားသည်။ ဒေါ်ခင်ငြိမ်းက အိမ်မှုကိစ္စအရာမှာလည်း မခေပါကလား။ ဖေဖေ့ မိဘများက ဘာကြောင့်များ သဘောမတူခဲ့ပါလိမ့်ဟု တွေးမိပြီး ထိုအတွေးကို ချက်ချင်း ဖျောက်ဖျက်ပစ်ရသည်။

သူတို့အနားမှာလည်း မနေချင်၊ နေစရာလည်း မရှိတာနှင့် ရေချိုးပြီး အလှပြင်နေလိုက်သည်။ သည်ကနေ့တော့ ဖေဖေအလုပ်ကို နောက်ကျပြီးမှ သွားလိမ့်မည် ထင်သည်။ မလေးကတော့ အိမ်က တမင်ကို စောစောထွက်မှ ဖြစ်မည်။ ဖေဖေ့ အစီအစဉ်ဖြင့် မလေးအတွက် ကြိမ်ခြင်းထဲမှာ ထမင်းဘူးနှင့် လက်ဖက်ရည် ဓာတ်ဘူး အဆင်သင့်ထည့်ပြီး မငယ်က လာပေးသည်။ အတော်ကို ပြည့်စုံသည့် ဘဝပါလားနော်။

ယခင်က ဖေဖေနှင့် နှစ်ယောက်တည်းနေရစဉ် သူတို့ သားအဖ ဘဝမှာ ငွေကြေးအရ ပြည့်စုံခဲ့သော်လည်း တစ်ခုခုတော့ လစ်ဟာနေသလို ခံစားရမြဲပင်။ ထိုလစ်ဟာနေသော အရာသည် မိခင်နေရာပင် ဖြစ်ချေသည် တကား။ မလေးဘဝမှာ မိခင်နှင့် တူသော မိန်းမတစ်ယောက်၏ ပြုစုယုယမှုကို ဘယ်လိုရှိမည်ပင် မသိခဲ့ရ။

သို့သော် မိခင်မေတ္တာဆိုသည်မှာ အစားထိုး၍ ရကောင်းသည့် အရာ ဟုတ်ပါရဲ့လား။

'သမီး ကျောင်းသွားတော့မယ် ဖေဖေ'

'စောလှချည်လား သမီးရယ်'

မလေး ဖေဖေ့ကို စေ့စေ့မကြည့်။

'ကျောင်းမှာ ကိစ္စနည်းနည်းရှိတယ် ဖေဖေ၊ စာမေးပွဲအတွက်လည်း ပြင်ဆင်ရဦးမှာ'

'ကျောင်းလွှတ်ရင်တော့ စောစောပြန်ခဲ့နော် သမီး'

မလေးက ခေါင်းညိတ်လိုက်သည်။

'စောစောပြန်ခဲ့နော် ဆရာမ'

မငယ်က ဝင်ပြော၏။ ဒေါ်ခင်ငြိမ်းသည် အိမ်ရှေ့ခန်းကို ပြင်ဆင် မွှမ်းမံလျက်ရှိသည်။ သူ မလေးရဲ့ မေမေ့ဓာတ်ပုံကို ကြည့်ရတာ မျက်နှာမပူဘူးလား မသိ။ သွားလေသူ သူ့ခင်ပွန်းကိုကော သတိမှ ရပါလေစ။ ရမှာ မဟုတ်ပါဘူးလေ။ သူတို့က ဘဝကို ခုမှ စကြတာ။

'သွားမယ် ဖေဖေ'

မလေး အိမ်တံခါးဖွင့်၍ ထွက်ခဲ့သည်။ လှေကားမှ ပြေးဆင်းခဲ့သည်။ ပါးပြင်မှာ မျက်ရည်စို့လာသည်။ အို ဒါတွေဟာ မလေး ဘဝမှာ နောင်တော့ ပျောက်ကွယ်သွားမှာပါလေ။ မလေး ကိုယ့်ဘဝလမ်းကို ကိုယ်လျှောက်နိုင်ရင်ပေါ့။ ကိုယ့်ဘဝ ကိုယ်လျှောက်နိုင်မှ မလေးဘဝမှာ အဓိပ္ပာယ်ရှိမှာပါ။

ကျောင်းဆီသို့ လှမ်းလာခဲ့ရသည့် ခြေလှမ်းများကလည်း လေးကန်လှသည်။ သည်ကြားထဲ မအေးကြည်က အိမ်ဝမှ ဆီးကြို စောင့်စားနေသည်။

'ဘယ်လိုလဲမလေးရေ၊ အဆင်ပြေရဲ့လား၊ မနေ့က ဟိုနှစ်ယောက် ပြုံးလို့ စုံတွဲခုတ်နေတာ တွေ့လိုက်ပါတယ်'

မလေးမျက်နှာ နီမြန်းသွားသည်။ တော်တော့်ကို အနှောင့်အယှက် ပေးတဲ့ မအေးကြည်ပဲ။ ကျန်အိမ်နီးချင်းတွေကလည်း

နှုတ်မှ ဖွင့်မပြောသည့်တိုင် မလေးကို ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသည်။ ရှက်စရာ ကောင်းလိုက်တာနော်။

'မလေးတော့ အိမ်မှာ လုပ်မယ့်ကိုင်မယ့်သူတွေနဲ့ ခုမှ ပိုပြီး အပျိုကြီး လွတ်လွတ်လပ်လပ် နေနိုင်တာပေါ့ မဟုတ်ဘူးလား၊ ဒါထက် သူ့သားဆိုတာ ပါမလာသေးဘူးလားဟင်'

'ပါမလား၊ မပါဘူးလား ကိုယ့်ဘာသာ သွားမေးကြည့်၊ မလေးကို ဘာမှ လာမပြောနဲ့'

မလေး ဘုပြောပြီး ထွက်ခဲ့သည်။

ဟင်း လူတွေနှယ် မုန်းစရာကောင်းလိုက်တာ၊ သူတစ်ပါး ကိစ္စကို တော်တော်လဲ စပ်စပ်စုစု သိချင်ကြတာ။ မလေးချစ်သူသာ အနားမှာရှိလျှင် အားကိုးတကြီး ပြေးခိုကာ နားလိုက်ချင်ပါသည်။ လူတွေနှင့် ဝေးရာ ရှောင်ပုန်းနေချင်သည်။

ကျောင်းရောက်တော့ ဆရာ ဆရာမများကပါ မလေးကို ကြည့်ကြသည်က ပြုံးစိစိ၊ ကလေးတွေကလည်း မလေးကို ခါတိုင်း နေ့ထက်ပိုပြီး ဂရုထားနေကြသည်ဟု မလေးစိတ်က ထင်မိ၏။ စိတ်တို၍ ကလေးတွေကို အော်ငေါက်နေမိပြန်သည်။ ကျောင်း ဆင်းချိန်နီးလေလေ မလေးစိတ်က လေးလံလာလေလေ။

ကျောင်းလွှတ်၍ ကလေးတွေ အသီးသီး ပြန်သွားကြသည် အထိ မလေးက စားပွဲရှေ့မှာ ထိုင်၍ ငိုင်နေမိ၏။ ဆရာမ ဒေါ်သန်းသန်းက မလေးအနား လာရပ်သည်။

'မလေးရယ် တစ်နေ့လုံးလဲ မျက်နှာမကောင်းဘူး၊ မလေး စိတ်မကောင်း ဖြစ်နေတော့ တို့လဲစိတ်မကောင်းပါဘူး၊ ဒါပေမဲ့ မလေးရယ် ဘယ်တတ်နိုင်မလဲ၊ ဖြစ်သမျှကို ရင်ဆိုင်ရမှာပေါ့'

ဒေါ်သန်းသန်း၏ နှစ်သိမ့်စကားကိုကြားရပါမှ မလေး ပို၀မ်းနည်းလာ၏။ ရင်ထဲမှာ တင်းကျပ်နေသမျှ လျှော့ချလိုက်မိသည်။ စားပွဲပေါ် မျက်နှာအပ်ကာ အားပါးတရ ငိုချလိုက်မိလေသည်။

+ + +

အိမ်ဘက်သို့လျှောက်လာရသည့် ခြေလှမ်းများကလည်း နှေးကွေးလှသည်။ အိမ်ရောက်၍ မလေး၏ အစီအစဉ်ကိုပြောပြလျှင် ဖေဖေ လက်ခံပါမည်လား။ ခဏလေးပါ ဖေဖေရယ်၊ သည်အကျဉ်းအကျပ်တွေကြားက မလေး ခဏ ထွက်သွားချင်တယ်။

အိမ်လှေကားထစ်များကို တစ်လှမ်းချင်း လေးကန်စွာ တက်ခဲ့သည်။ တံခါး၀မှာ အတန်ကြာမှိုင်ပြီး ရပ်နေမိသည်။ သို့သော် ခေါင်းလောင်းသံ မမြည်ပါဘဲ အိမ်တံခါး၀က ပွင့်သွားခဲ့လေသည်။

မိန်မသားနှစ်ဦး၏ မျက်နှာများသည် တေ့တေ့ဆိုင်ဆိုင် ရင်ဆိုင်ရလေပြီ။

ဒေါ်ခင်ငြိမ်းသည် မလေး၏ နွမ်းလျခွေနုံးနေသော မျက်နှာကို ငေးမောစိုက်ကြည့်နေသည်။ အံ့အားသင့်နေပုံလည်း ရသည်။ ၀မ်းနည်း စိတ်ပျက်သွားပုံလည်း ရသည်။ သူ့အတွက် အခြားသူ တစ်ယောက် ထိခိုက် နာကျည်းနေသည်ကို မည်သူက လိုလား နှစ်သက်နိုင်ပါမည်နည်း။ ပျော်ပျော်ရွှင်ရွှင် လိုလိုလားလား ဖြစ်နေစေချင်မည်မှာ အမှန်။ မလေးက မည်မျှပင် ဟန်ဆောင်နေမည်

စိတ်ကူးသော်လည်း တစ်သက်လုံးက ဖေဖေ့ရင်မှာ လွတ်လွတ်လပ်လပ် နေခဲ့ရ၍ ဟန်ဆောင်ခြင်းကို မလေး မတတ်စွမ်းနိုင်။

ဒေါ်ခင်ငြိမ်းသည်လည်း မလေးကို ဆီးကြို နှုတ်ဆက်ဖို့ ကြိုးစားနေရှာပါသည်။ နှုတ်ခမ်းများ တရွရွ လှုပ်ရှားသော်လည်း အသံက မထွက်၊ မလေး၏ ခြေသံများကို နားစွင့်နေခဲ့၍သာ ခေါင်းလောင်းသံမမြည်ဘဲ တံခါးပွင့်လာခြင်း ဖြစ်သည်။ သို့သော် ကြိုတင်စီစဉ်ထားသော ကြိုဆို နှုတ်ခွန်းဆက်ကိုမူ သူ မတတ်နိုင်တော့။ မျက်ရည်စတွေ မခန်းခြောက်တတ်သေးသော မလေးရဲ့မျက်နှာကိုကြည့်ပြီး သူ နှုတ်ဆွံ့အနေပြီ။

မလေးသည် ဒေါ်ခင်ငြိမ်း၏ကိုယ်ခန္ဓာကို မထိအောင် သတိထားပြီး အိမ်ထဲဝင်ခဲ့သည်။ ပြီးတော့ အခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။ ကြိမ်ခြင်းကို စားပွဲပေါ်တင်ပြီး အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ မငယ် ရောက်လာလေသည်။ ကြိမ်ခြင်းကို အသာ မ ယူပြီး ပြန်ထွက်သွားသည်။ ဖေဖေလဲ ပြန်မရောက်သေးဘူး ထင်တယ်။ မလေးတစ်ယောက်တည်း အိမ်ထဲမှာ ငြိမ်သက်စွာ အခန်းအောင်းနေသည်။

မကြာမီ ဖေဖေ ပြန်ရောက်လာသံ၊ ဒေါ်ခင်ငြိမ်း၏ ဆီးကြိုသံကို ကြားရသည်။

'သမီး ပြန်ရောက်ပြီလား'

ဟု ဖေဖေ့အသံ ကြားနေရသည်။ ဒေါ်ခင်ငြိမ်း၏ ပြန်ပြောသံက တိုးတိတ်လှသည်။ ဖေဖေသည် မလေး၏ အခန်းတံခါးကို လာခေါက်သည်။ မလေး လေးကန်စွာ ထသွားရပြန်သည်။

'သမီး ရေမိုးချိုးလေ၊ ထမင်းစားကြရအောင်'

မလေး ခေါင်းညိတ်ပြပြီး ပြန်ဝင်သွားသည်။ ထို့နောက် တိတ်ဆိတ်စွာပင် ရေချိုး၊ အဝတ်အစားလဲသည်။ ပြီးတော့ ရဲရဲတင်းတင်းပင် ထမင်းဝိုင်းတွင် ထိုင်ကာ ဖေဖေနှင့် ဒေါ်ခင်ငြိမ်းကို ရင်ဆိုင်ထိုင်လိုက်သည်။

'ဖေဖေ့ကို ပြောရဦးမယ် ဖေဖေ'

မလေးက ထမင်းစားရင်း ခပ်အေးအေး ပြောလိုက်တော့ ဖေဖေက

'ဘာလဲသမီး'

ဟု ပျာပျာသလဲမေးမိ၏။ ဒေါ်ခင်ငြိမ်းက စိုးရိမ်သောက မကင်းသော မျက်နှာဖြင့် ခေါင်းထောင်၍ ကြည့်လေသည်။

'သမီး ရန်ကုန်ကို ခဏသွားချင်လို့ပါ ဖေဖေ'

မလေးက မတုန်လှုပ်သော အမူအရာဖြင့် ပြောနိုင်သော်လည်း ဖေဖေနှင့် ဒေါ်ခင်ငြိမ်းကတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

'ဘာအတွက်သွားမှာလဲ သမီးရယ်'

ဖေဖေက ညင်သာစွာ မေးသော်လည်း စိတ်ညစ်သွားပုံမှာ ပေါ်လွင်လှသည်။ ဒေါ်ခင်ငြိမ်းက ထမင်းကိုပင် ဆက်မစားနိုင်တော့။

'သမီး ရန်ကုန်မှာ လုပ်စရာကိစ္စလေးတွေ ရှိနေတယ် ဖေဖေ၊ သိပ် မကြာပါဘူး၊ တစ်လလောက်ပါပဲ'

'တစ်လတောင်နေမယ် ဟုတ်လား၊ သမီးကျောင်းက ကလေးတွေ အတွက်ကော'

'ဆရာမတစ်ယောက် အစားဝင်မှာပေါ့၊ သမီး ခွင့်မယူတာလဲ ကြာပြီပဲ၊ အို သမီးမရှိလဲ ဖြစ်ပါတယ်လေ'

မလေးရဲ့ သမီးမရှိလဲ ဖြစ်ပါတယ်ဟူသော စကားအဓိပ္ပာယ်၏ အကျယ်အဝန်းကို ဖေဖေတို့နှစ်ဦးလုံး သိမြင်နိုင်ကြမည်ပင်။ ဒေါ်ခင်ငြိမ်းက ထမင်းစားပွဲမှ ဦးစွာထသည်၊ မလေးကတော့ ထမင်းကို ဣန္ဒြေမပျက် ဆက်စားနေ၏။ မလေးက သူတို့နှစ်ဦးအတွက် စိတ် အနှောင့်အယှက် ဖြစ်အောင် လုပ်ရသည်ကိုပင် ကျေနပ်မိပြန်သည်။

'သမီး သွားချင် သွားပါလေ၊ စိတ်ပြေလက်ပျောက်ပေါ့၊ ဒါပေမဲ့ သမီးရယ် ဖေဖေ့အတွက် သမီး သည်အိမ်က အကြာကြီးထွက်သွားတာ ဖေဖေ မလိုလားဘူး၊ အပြီးအပိုင် ခွဲထွက်သွားတာမျိုးတော့ မလုပ်ပါနဲ့ သမီးရယ်၊ ဖေဖေ တောင်းပန်တယ်၊ ဖေဖေ သမီးကို သိပ်ချစ်တာ သမီး သိပါတယ်၊ နောင်ကိုလဲ သည်အချစ် လျော့မသွားပါဘူး'

ဖေဖေ စိတ်ဆင်းရဲတာကိုလည်း မလေး မလိုလားတာအမှန်။ သို့သော် မတည်မငြိမ် ယောက်ယက်ခတ်လျက်ရှိသော မလေး၏ စိတ်ကို တည်ငြိမ်အောင် တစ်ခုခုလုပ်မှ ဖြစ်မည်။ တစ်နေရာကို ထွက်ခွာသွားမှ ဖြစ်မည်။

'သမီး ကိစ္စလေးတွေပြီးရင် ပြန်လာမှာပါ ဖေဖေ၊ သမီး ဖေဖေ့ဆီ ပြန်လာမှာပါ'

ဖေဖေသည်လည်း ထမင်းစားဝိုင်းမှ လေးကန်စွာ ထသွားလေသည်။

\+ + +

'ဘာပဲဖြစ်ဖြစ် မြန်မြန်ပြန်လာခဲ့ပါ သမီးရယ်နော်'

'ဆရာမ မရှိရင် သိပ်ပျင်းစရာကောင်းမှာပဲ ဆရာမရယ်၊ ဘာဖြစ်လို့ သွားရတာလဲဟင်'

ဖေဖေ့ မှာစကားသည်လည်းကောင်း၊ မငယ်၏ စကားသံလေးသည် လည်းကောင်း မလေးနားထဲက မထွက်။ ဒေါ်ခင်ငြိမ်းကတော့ အားနည်းသော အပြုံးဖြင့် မလေးကို မချိပြုံးပြုံးကြည့်ကာ

'သမီး ဘာကြောင့် ထွက်သွားတယ်ဆိုတာ အန်တီ နားလည်ပါတယ်ကွယ်၊ တစ်နေ့မှာတော့ သမီး အန်တီ့ကို နားလည်လာမှာပါ၊ ဘာပဲ ဖြစ်ဖြစ် သမီး ဖေဖေ့ကို ကြာကြာခွဲမထားပါနဲ့ကွယ်'

တိုးတိတ်ညင်သာစွာ ဆိုခဲ့လေသည်။ သို့သော် မလေးစိတ်က တစ်ခုခုကို ဆုံးဖြတ်ပြီးပြီဆိုလျှင် လုပ်ရမှပဲကျေနပ်သည်။ မှန်သည် မှားသည် ဆိုခြင်းထက် ဆုံးဖြတ်ပြီးသား၊ နှုတ်မှ ဖွင့်ပြောပြီးသား ကိစ္စတစ်ခုကို လုပ်ဖြစ်အောင်လည်း လုပ်ပြချင်နေသည်။ ငယ်ရွယ်သူမို့ ဇွတ်တရွတ်နိုင်သည်လား၊ မာနခံနေသည်လား မဝေခွဲတတ်။ တကယ်တမ်း နှုတ်ဆက်ခွဲခွာချိန်မှာ မလေးရင်မှာ ဝမ်းနည်းကြေကွဲမိတာလည်း အမှန်ပင်။

'မလေး အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်'

နှုတ်ကရော စိတ်ကပါ လှိုက်လှိုက်လှဲလှဲ ပြောမိခြင်းဖြစ်ပါသည်။ ဖေဖေ့ကိုသာမက ဒေါ်ခင်ငြိမ်းအတွက်ပါ ရည်ရွယ်သည်ကို မလေးဘာသာ သိနေကာ ကိုယ့်ကိုယ်ကို အံ့သြနေမိသည်။ အို တကယ်တော့ သည်မိန်းမမှာ ဘာအပြစ်ရှိသလဲ၊ မလေးရဲ့ ဖေဖေကို ယူမိခြင်းဟူသော အပြစ်တစ်ခုတည်းနှင့်ပင် ထိုမိန်းမသည် ကမ္ဘာပေါ်တွင် မိန်းမဆိုး စာရင်းသို့ အလိုလို ရောက်ခဲ့လေပြီတကား။

ရထားသည် တရွေ့ရွေ့ထွက်ခွာလာ၏။ တွေဝေယိမ်းယိုင်လျက်ရှိသော မလေး၏စိတ်က တရိပ်ရိပ်ဝေးကျန်ခဲ့သော ဖေဖေတို့နှစ်ဦးသားဆီသို့ ပြန်လည်ပြေးလွှားစ ပြုသည်။

လူသားတို့သည် အချစ်အတွက် အရာရာကို စွန့်လွှတ်ရဲကြ၏။ ပတ်ဝန်းကျင်ကိုလည်း ရင်ဆိုင်နိုင်ကြသည်။ မလေးမှာ အချစ်မရှိလို့ ရင်မဆိုင်ဝံ့သည်ပဲလား၊ ဖေဖေ့အပေါ် ချစ်တာလေးတစ်ခုနှင့်ပင် ဖေဖေ၏ ကောင်းမွေ ဆိုးမွေကို မလေး ခံယူထိုက်သည်။ စဉ်းစားတွေးခေါ်မှုသည် မလေး၏ ကလေးဆန် အနိုင်ယူလိုမှုကို မတားဆီးနိုင်ခဲ့။ ယခုတော့လည်း ဖြစ်လိုရာ ဖြစ်စေထွက်ခဲ့ပြီ။

မလေး ရင်ထဲမှဆုံးဖြတ်ချက်ကို ဖေဖေသိလျှင်တော့ ရင်ကျိုးမိမည်မှာ အမှန်ပင်။ မလေး ရန်ကုန်အလုပ်ပြောင်းဖို့ သို့မဟုတ် ရန်ကုန်မှာပင် အလုပ်တစ်ခုကို လုပ်ကိုင်ရင်း နေလိုက်ဖို့ စိတ်ကူးခဲ့သည်ဆိုလျှင် ဖေဖေ ရင်ကျိုးရှာလေမည်လား။ သို့သော် နောင်တော့လည်း ဖေဖေ မလေးကိုမေ့ပြီး ဘဝသစ်မှာ ပျော်နေမှာပါဟူသော ဝန်တိုမိုက်မဲခြင်းက မလေးကို လွှမ်းဆွဲ လျက် ရှိသည်။

ယခုတော့လည်း တရွေ့ရွေ့ ထွက်ခွာလာသော ရထားပေါ်မှာ မလေးသည် မရေရာသော ဆုံးဖြတ်ချက်တစ်ခုဖြင့် ခရီးနှင်ခဲ့မိပြီဖြစ်၏။

နှင်းဆီမြိုင်မှာ သူငယ်ချင်းတွေနှင့် ပြန်လည်ဆုံဆည်းရသည့်အတွက် မလေး ပျော်ရွှင်ကြည်နူးခြင်းဖြစ်မိရသည်တော့ အမှန်ပင်။ မလေးတို့ တက္ကသိုလ်မြေမှ စွန့်ခွာခဲ့ပြီး မိမိတို့ဘဝလမ်းကို မိမိတို့ဘာသာ ရွေးချယ်ကာ အသီးသီး လမ်းခွဲ၍ ထွက်ခဲ့ကြသည်။

တချို့ကား ဇာတိမြေဝန်းကျင် ပြန်ရောက်ခဲ့ကြ၏။ တချို့ကတော့ မြို့ပြ၏ အရိပ်မှာ ခိုလှုံဆဲရှိကြသည်။

ရည်ရွယ်ချက်အသီးသီးဖြင့် လှုပ်ရှားရုန်းကန်နေကြသည်။

နှင်းဆီမြိုင်မှာ ပညာတတ်မိန်းကလေးတို့၏ ဘဝထွေထွေကို အမှတ်မထင်ပြန်မြင်ရတော့ မလေးရင်ထဲမှာ ဘဝသစ်၏ လိုအပ်ချက် တစ်ခုကို ပြန်လည် တွေ့ရှိရပြန်သည်။ ထိုမိန်းမငယ်တို့သည် ဘဝသစ် အောင်မြင်မှုပန်းတိုင်အတွက် လှုပ်ရှားသွားလာနေကြသည်။ ရည်ရွယ်ချက် အသီးသီးကို ရင်မှာ ပိုက်ထားကြသည်။ ထို့အတူ မျှော်လင့်ချက်ရောင်ခြည်တို့ဖြင့် အားဖြည့် ရပ်တည်နေကြရသည်။ ထိုမျှော်လင့်ချက်ရောင်ခြည်တို့တွင် ဘဝ၏အောင်မြင်မှုနှင့်အတူ အချစ်၏အင်အားတွေလည်း ပါဝင်နေကြလေသည် တကား။

'မလေးရယ် မင်းရင်ထဲမှာ ဘာတွေဖြစ်နေသလဲ၊ ပြောစမ်း၊ ကိုကိုမောင်ဆီကရော စာလာရဲ့လားဟင်'

ကျောင်းနေဖက်သူငယ်ချင်း မြမြအေးက စိတ်လက်ကြည်သာခြင်းမရှိသော မလေး၏အသွင်ကိုကြည့်ကာ စူးစမ်းစပြုသည်။ မိန်းကလေးငါးယောက်သာရှိသော နှင်းဆီမြိုင် ဘော်ဒါဆောင်မှာ တစ်လနေမည်ဆိုပြီး ရောက်လာတော့ သူငယ်ချင်းဟောင်းတွေ ပြန်လည်ပေါင်းစည်းကာ ပျော်ရွှင် ရယ်ပွဲဖွဲ့ခဲ့ကြ၏။ သို့သော် မလေး၏အသွင်က မကြာခဏ ငိုင်တွေငေးမော နေပြန်တော့ မလေးပြောသလို အလုပ်တစ်ခုပြောင်းလို့ ရလိုရငြား လာခဲ့သည် ဟူသော စကားကို သံသယဝင်လာကြသည်။

'မောင့်ဆီက စာမလာတာ ကြာပြီ'

မလေးနှုတ်မှ တိုးတိုးရေရွတ်ဖြစ်သည်။

ဟုတ်ပါတယ်။ ကျောင်းနေစဉ်ကတော့ မလေးနှင့် မောင်မိုးမမြင် လေမမြင် တွဲခဲ့ ပျော်ခဲ့ကြတာ သူငယ်ချင်းအားလုံး အသိပါပဲလေ။

'မလေး၊ မင်း မောင်မောင့်အတွက် ရန်ကုန်မှာ အလုပ်လုပ်ချင်တာလား၊ မင်း အခု ရထားတဲ့ အလုပ်လဲ အဆင်ပြေသားပဲ မဟုတ်လားကွယ်၊ ကိုယ့်ဇာတိမြေမှာ နေ နေ ရတာပဲ၊ ပြီးတော့ မလေးအဖေကိုလဲ မလေး မခွဲနိုင်ပါဘူးဆို၊ အခုတော့ အချစ်အတွက် အဖေကို ခွဲထားတော့မလား'

သူငယ်ချင်းက မေးလာတော့ မလေးရင်မှာ ပို၍ ကြေကွဲလာသည်။ မလေးဘဝမှာ တွယ်တာစရာ ဘာမျှ မရှိတော့တာကို သူတို့ မသိသေးပါကလား။ မောင့်ကို မျှော်လင့်ပြီး မလေး စွန့်စားခဲ့ရသည်ဆိုလျှင်လည်း မလေးမှာ သည့်ထက်မက ခွန်အားရှိနိုင်ပါသည်။

ခုတော့ မောင်ဟာ မလေးဘဝအတွက် ကောက်ရိုးတစ်မျှင်မျှ လောက်တောင် ဆုပ်ကိုင်အားထားဖွယ်ရာ မျှော်လင့်ချက် ရှိပါရဲ့လား။

'ဖေဖေ နောက်အိမ်ထောင်ပြုသွားပြီ မြ'

မလေးက မျက်နှာပေါ် လက်နှစ်ဖက်အုပ်ကာ ငိုချလိုက်သည်။

မြမြအေးက မလေး ပခုံးနှစ်ဖက်ကို ဆုပ်ကိုင် ချော့မော့ရှာ၏။

မလေး ယခုမှပဲ အားရပါးရ ငိုမိပြန်သည်။ မလေးက သူ့အဖေကို ဘယ်လောက် တွယ်တာတယ် ဆိုတာ ကျောင်းနေဖက်သူငယ်ချင်းတွေ အသိဆုံးပါပဲ။

'မြရဲ့ ဖေဖေ မနှစ်ကဆုံးသွားတာ မလေး မသိသေးဘူးနော်၊ ဒါပေမဲ့ ဖေဖေဟာ မြတို့မိသားစုအပေါ် တာဝန်မကျေခဲ့ဘူး မလေးရယ်၊ ဖခင်တစ်ယောက်ကို အပြစ်မတင်ကောင်းသော်လည်း မြ ဖေဖေ့ကို မကျေနပ်ပါဘူး၊ ခု ဖေဖေသေသွားတော့လဲ မြ ဘဝက မပြောင်းလဲပါဘူး၊ ကိုယ့်ကိုယ်ကို အားကိုးရတာပါပဲ၊ ဒါပေမဲ့ အဖေမရှိတော့ဘူးဆိုတဲ့ အသိကတော့ အားငယ်မိသေးတာပဲ။

'မလေးအဖေက မလေးအပေါ် အများကြီး တာဝန်ကျေခဲ့ပါတယ်ကွယ်၊ သည်အတွက် မလေး ဖြေသာပါတယ် သူငယ်ချင်းရယ်၊ ခုကော သူတို့က မလေးကို မနေစေချင်လို့ မလေး ထွက်လာတာလားဟင်'

မလေး ခေါင်းကို သွက်သွက် ခါယမ်းလိုက်သည်။

'ဒါဖြင့် ဘာဖြစ်လို့ထွက်လာရတာလဲ မလေးရယ်၊ ဘာဖြစ်လို့ ရန်ကုန်မှာ နေချင်တာလဲ၊ မောင်မောင့်အတွက်လား'

မလေး ခေါင်းကို ခါယမ်းမိပြန်ပါသည်။

'ကိုယ်သိပြီ၊ မင်းဖေဖေ နောက်အိမ်ထောင်ပြုလို့ မင်း ရှက်ပြီး ရှောင်တိမ်းလာတာလား'

မလေး ဘာမျှ ပြန်မပြောဖြစ်။

'စဉ်းစားဦး မလေးရယ်၊ ကိုယ်တို့တစ်တွေ ရန်ကုန်မြေမှာ နေရပေမဲ့ တစ်ခါ တစ်ခါတော့ ပြေးလွှားလှုပ်ရှားနေရတဲ့ဘဝကို စိတ်မောမိတာ အမှန်ပဲ၊ မလေးရဲ့ အဖေဟာ မလေးအပေါ် ဆိုးသွမ်းမယ့် မိထွေးတစ်ယောက်ကိုတော့ ရွေးချယ်မှာ မဟုတ်ပါဘူး၊ မောင်မောင့်အတွက် မဟုတ်ဘူး ဆိုရင်တော့ မင်း မော်လမြိုင်ကို ပြန်သင့်တယ် မလေး'

မလေး မျက်ရည်စတွေ ခန်းခြောက်စပြုသည်။ မလေး ဘာလုပ်ရမလဲ ဆိုတာကိုပဲ ထပ်ခါတလဲလဲ တွေးနေမိလေသည်။

\+ \+ \+

ကျယ်ပြန့်စိမ်းလန်းသော မြက်ခင်းအလှဘေးမှ မြေနီလမ်းကလေးကို လျှောက်လှမ်းဝင်ခဲ့ရသည်မှာပင် အင်အားတွေ ကုန်ခန်းလုခမန်း ဖြစ်၏။ သည်ကနေ့မှ နေကလည်း ပူပြင်းလွန်းလှသည် ထင်သည်။ မလေးစိတ်က တစ်စုံတစ်ရာ ဆုံးဖြတ်ပြီးလျှင် မဖြစ်မနေလုပ်ချင်သည့် ဆန္ဒဇောကြောင့်သာ လာခဲ့ရသည်။ သည်နေရာသည် မလေးအတွက် လာသင့်လာထိုက်သည့် နေရာတော့မဟုတ်။ နွေးထွေးခြင်းမရှိသော ကြိုဆိုမှုတွေနှင့် မလေး ရင်ဆိုင်ခဲ့ရဖူးပြီပဲ။

သို့သော် မလေး တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ဖို့အတွက် သည်နေရာကိုလာခဲ့ရခြင်း ဖြစ်ပါသည်။

မနေ့က မောင့်အိမ်ကို ဖုန်းဆက်တော့ မောင့်မေမေနှင့် တန်းတန်းမတ်မတ် တွေ့သည်။

'မလေးပါ'ဟု အေးစက်စွာ နှုတ်ဆက်စကားဆိုစဉ် 'ဩော် မလေး၊ ရန်ကုန်ရောက်နေသလား၊ အေးအေးဆေးဆေး တွေ့ရအောင် လာခဲ့ပါဦးကွယ်'

ဟူသော ထူးဆန်းသည့်လေသံကို ကြားရလေသည်။ တကယ်က မလေးမှာ မောင့်မေမေနှင့် စကားပြောလိုစိတ် မရှိ၊ မောင့်ညီမ မေမေကြည်နှင့် တွေ့ပြီး မောင့်အကြောင်း မေးမြန်းစနည်းနာဖို့ ရည်ရွယ်ပြီး ဖုန်းဆက်မိခြင်းသာပင်။ ပြောင်းလဲသွားသော အခြေ

အနေကြောင့် မလေး အံ့ဩမိ၏။ ဝမ်းသာခြင်းတော့ မဖြစ်မိ။ မောင့်မေမေ၏ စကားပရိယာယ်ကြွယ်ဝပုံတွေကို မလေး အသိဆုံး ပင် မဟုတ်ပါလား။

မိမိစိတ်ကပင် မထင်မှတ်ဘဲနှင့် ဒေါ်ခင်ငြိမ်းကို ဖျတ်ခနဲ သတိ ရလိုက်သည်။ ဒေါ်ခင်ငြိမ်းသည် သူပြောသောစကားကို ရွှန်းရွှန်း ဝေအောင် မပြောတတ်၊ သို့သော် သူပြောသော စကားတွေက ရင်ထဲကလာသည့် စကားတွေမှန်း မလေးစိတ်က ခံစားရပေသား။

သို့ပါလျက်။

ထားတော့။ သည်အကြောင်းကို မလေး မတွေးချင်။ ယခု မောင်နှင့် ပတ်သက်ရသည့် ဝန်းကျင်အသိုင်းအဝိုင်းထဲကို မလေး ရောက်ခဲ့ပြီ။ မောင်ရှိစဉ်က မောင်က မလေးကို သည်နေရာကို ခေါ်ခဲ့ဖူးသည်။ သူ့အမေတွေ၊ ညီမတွေနှင့် မိတ်ဆက်ပေး၏။ မလေး၏ မျိုးရိုး ဇာတိကို မေးသည်။ ဖေဖေ့ အလုပ်အကိုင်ကို စူးစမ်းသည်။ မလေးမှာ နွမ်းပါးသူတစ်ယောက် မဟုတ်ဆိုတာ တော့ သူတို့ လက်ခံနားလည်ပုံရသည်။ သို့သော် မလေး၏ အရှိန် အဝါသည် သူတို့အတွက် ပြောပလောက်အောင် တောက်ပခြင်း မရှိ။ ဒါကိုသိသာအောင် စကားလုံးလှလှများဖြင့် ပြောသွားပုံကို မလေး အံ့ဩမိခဲ့သေး၏။

ယခု မလေး သည်နေရာကို လာခဲ့ရခြင်းက အချစ်နှင့် ပတ်သက်သည့် ခွန်အားကြောင့်ပါပဲ။ မလေးမှာ အထီးကျန်ဘဝ နှင့် ဘယ်လောက်ကြာကြာ ရပ်တည်နေရမှာလဲ။ မောင်က မလေး အပေါ် ဘယ်လို သဘောထားသေးသလဲ မလေး သိချင်သည်။ တစ်ခုခုကိုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်ချင်သည်။

ကြီးမားခန့်ထည်သော မောင့်ရဲ့ အိမ်ဂေဟာကတော့ မလေးတို့ သားအဖရဲ့ အေးချမ်းသောအိမ်ကလေးထက် အဆများစွာသာလွန်ခဲ့ညားတာ အမှန်ပါပဲ။ ယခုဆိုလျှင် မလေးမှာ ကိုယ်ပိုင်အိမ်ကလေးတစ်လုံးတောင် မရှိတော့။ မလေးက လေဟာပြင်မှာလမ်းလျှောက်နေမိပြီ။ မောင့်ကို အားကိုးစိတ်ဖြင့် ရန်ကုန်ပြောင်းလာလျှင် မလေးမှာ အလုပ်အကိုင်ကလေး တစ်ခုကလွဲ၍ ဘာအဆောင်အယောင်မျှ မရှိတော့။ ဒါဆိုလျှင် မောင့် အသိုင်းအဝိုင်းက မလေးအပေါ် ဘယ်လိုများ ဆုံးဖြတ်ကြဦးမည်လဲမသိ၊ ဘာပဲဖြစ်ဖြစ် လာမည့်ဘေးကို ပြေးပြီး ရင်ဆိုင်လိုက်ဖို့သာ မလေးဆုံးဖြတ်သည်။

သံတံခါး၏ အတွင်းဘက်သို့ ကဲကြည့်သော်လည်း လူရိပ်လူခြေ မမြင်ရ။ ‘မလေး နေ့လယ် ၁၂ နာရီလောက် လာခဲ့မယ်လေ’ ဟု ပြောခဲ့မိပါသည်။ အင်းလေ၊ ခြံကြီးဝင်းကြီးနှင့် နေသူတွေအဖို့ အိမ်တံခါးကို သော့ခတ်ထားကြသည်မှာ အဆန်းမဟုတ်။ ခြံဝင်းတံခါး ဖွင့်ထားသည်ကိုပင် ကျေးဇူးတင်ရသေးတော့သည်။

လူခေါ်ခေါင်းလောင်းကို ခပ်ဖွဖွတီးလိုက်သည်။ ဂီတသံလေးထွက်ပေါ်လာသည်။ မောင်နှင့် မလေး အတူနေလျှင် ဘယ်လိုနေရာမျိုးမှာ နေကြမည်လဲဟု စိတ်အတွေးက ပြေးလွှားပြန်သည်။ မောင်ဟာ မောင့်ရဲ့ အသိုင်းအဝိုင်း အရှိန်အဝါကို စွန့်ခွာနိုင်ပါ့မလားကွယ်။

ကောင်မလေးတစ်ယောက် ပြေးထွက်လာခဲ့၏။

‘မမကြည် ရှိပါသလားဟင်’

မောင့်ညီမနာမည်ကိုသာ မေးဖြစ်သည်။

'ရှိပါတယ်'

ကလေးမက တံခါးကို မဖွင့်သေးဘဲ အိမ်ထဲကို နောက်ပြန်လှည့်ကြည့်နေသည်။ သူတို့က မလေး သည်အချိန်ရောက်လာမည်ဆိုတာ သိပါလျက် ဧည့်သည်လာမည်ဆိုတာ အသိမပေးထားခဲ့လေရော့သလား။

'မမမေ ဧည့်သည်လာတယ်'

ကောင်မလေး၏ အသံအဆုံးမှာ ညင်သာသော ခြေသံများကိုကြားရပြီး မေမေကြည် ထွက်လာခဲ့သည်။

'သြော် မလေး၊ လာ လာ တံခါးဖွင့်လိုက်'

သခင်မ၏ အမိန့်ကိုရမှ ကောင်မလေးက တံခါးကို ဖွင့်သည်။ အခြေအနေကတော့ လှည့်ပြန်ဖို့တောင် သင့်နေပြီဟု မလေး တွေးမိ၏။ မောင့်မေမေက မလေးကို ဖိတ်ခေါ်ခဲ့ပါလျက် ယခုဘွားခနဲရောက်လာသောဧည့်သည်အသွင်ဖြင့် ဘာကြောင့်ဆက်ဆံကြိုဆိုရသလဲ။ သူတို့မှာ လက်နက် လေးမြားတွေ စုံလင်လှချေလား။ သည်အသိုင်းအဝိုင်းကြားကို မလေး ဘာကြောင့် ဝင်ရောက်ချင်ရပါလိမ့်။

'လာ လာ မလေးရေ၊ မတွေ့ရတာတောင် ကြာပြီနော်၊ မော်လမြိုင်မှာပဲ ဆရာမ လုပ်နေတယ်ဆို'

'ဟုတ်တယ်'

ဆိုဖာနှင့် ကြိမ်ကုလားထိုင်များ ရောယှက်ချထားသည့်အနက် မလေးက ကြိမ်ကုလားထိုင်မှာ ဝင်ထိုင်သည်။ ပူအိုက်လို့လည်းနေသည်။

'မေတို့ မေမေကောဟင်'

'မေမေလား၊ မနက်ဖြန် ကိုကို့မွေးနေ့ သတိရလို့ ဆွမ်းကပ်မလို့တဲ့၊ ဈေးသွားတယ်'

မနက်ဖြန် မောင့်မွေးနေ့ဆိုတာ မလေးလဲ သတိရပါတယ်လေ။

သို့သော် မလေးမှာ သောကတွေ ဝေနေချိန်မို့ မွေးနေ့ကတ်လေးတစ်စောင် ကြိုတင်ပို့ပေးခဲ့ဖို့ မေ့နေခဲ့သည်။

'အန်တီက မနေ့က ဖုန်းဆက်တော့ လာလည်ပါဦးဆိုလို့' မလေးမှာ မာနတရားတော့ ရှိသည်သာပဲ။

ညှော့သည်တစ်ယောက်ကို ဖိတ်ခေါ်ပြီး အိမ်ရှင်က မရှိသည့်အတွက် ယဥ်ကျေးမှုတစ်ခုကို ဖောက်ဖျက်ရာရောက်ကြောင်းတော့ သိစေချင်သည်။

'မကြာပါဘူး မေမေ ပြန်လာမှာပါ၊ ကိုကို့ဆီကရော စာလာသလားဟင်'

မေးစရာလိုအပ်သည့်မေးခွန်းမှ ဟုတ်ပါလေစ။ မလေးရှေ့ကိုရောက်လာသော အအေးခွက်ကို ဆာလောင်မွတ်သိပ်စွာ သောက်လိုသော်လည်း လက်ကမ်းယူရန် ဝန်လေးနေသည်။ မေမေကြည်က မလေးလက်ထဲ အရောက် အအေးခွက်ထည့်ပေးပြီး သောက်ပါမလေးဟု ပြောသည်။

'စာလာပါတယ်၊ ခုတလော သိပ်မရေးဘူး၊ ပြန်လာကာနီးပြီနော်'

'အိမ်ကို ဓာတ်ပုံတွေအများကြီး ပို့တယ်'

အအေးတစ်ကျိုက် သောက်လိုက်ရသော်လည်း ရင်ထဲသို့ ပူဆင်းသွားသည်။ ခုတစ်လော မောင် မလေးဆီ ဓာတ်ပုံမပို့တာကြာပြီပဲ။

'ဟုတ်လား၊ မလေးဆီတော့ မပို့ဘူး'

မေမေကြည် နေရာမှ ညင်သာစွာ ထသွားသည်။ ဓာတ်ပုံစာအုပ်တွေ တစ်ထပ်ကြီးယူပြီး ပြန်ရောက်လာသည်။ မလေး မောင့်ဓာတ်ပုံတွေ မကြည့်ချင်ပါ။

မလေးမှာ စွဲလမ်းသည့် ဓာတ်ပုံလေးတစ်ပုံပဲရှိသည်။ သည်ဓာတ်ပုံလေးကလွဲပြီး မောင်၏ ပြောင်းလဲတိုးတက်နေသော ဓာတ်ပုံတွေကို ကြည့်လိုစိတ်မရှိလှ။ သို့သော် အလွမ်းပြေတော့ ကြည့်ရမှာပေါ့လေ။

လှပသောစာအုပ်၏ မျက်နှာများပေါ်တွင်မောင့်ရဲ့ ရုပ်ပုံလွှာတွေ အသွင်အမျိုးမျိုးဖြင့် ပေါ်လာကြသည်။

'ဩော်'

မလေးစိတ်ထဲက ရေရွတ်လိုက်မိသည်။ အပြင်းထန်ဆုံးသော လက်နက်သည် မလေး အသည်းနှလုံးကို လာရောက်စူးဝင်လေပြီတကား။

\+ \+ \+

မလေး ဇွတ်မှိတ်ပြီး ထွက်လာရသည့်ခရီးကို ရှေ့ဆက် တိုးရမည်လား၊ နောက်ကြောင်း ပြန်လှည့်ရမည်လား မဝေခွဲတတ်တော့။ အားအင်တွေလည်း ကုန်ခန်း၍လာပြီ။ ယခင်ကတော့ မလေး ကျင်လည်နေထိုင်ခဲ့ရသည့် ဝန်းကျင်လေးမှ ဖေဖေ့ရဲ့ မေတ္တာတွေ တပည့်ငယ်လေးတွေရဲ့ သံယောဇဉ် အနှောင်အဖွဲ့တို့ဖြင့် မလေးဘဝသည် သာယာ ပြည့်စုံခဲ့ပြီပဲ။ သည်အနှောင်အဖွဲ့ကြားက

ရန်းထွက်လာခဲ့မိသော မလေးအဖြစ်က သည်မှာဘက်တွင်လည်း ကွန်းခိုရာ မရှိပါတကား။

မောင့်အပေါ်ထားရှိသည့် မျှော်လင့်ချက်ကြိုးတစ်မျှင်လည်း ပြတ်တောက်၍ သွားခဲ့ပြီ။ မောင့် အသိုင်းအဝိုင်း၏ ညင်သာ သိမ်မွေ့စွာ ပစ်လွှတ်လိုက်သော မြားချက်သည် မလေးအသည်းကို တည့်တည့်မတ်မတ် ထိမှန်ခဲ့ပြီ ဖြစ်၏။ ယခုတော့ မလေးမှာ နှလုံးသားမှ ရှိပါသေးရဲ့လား။

မောင့်ဘေးမှာ အမြဲလို ရပ်လျက်သား၊ ပခုံးမှီလျက်သား ယှဉ်တွဲပြီး နေရာယူထားသည့် မိန်းမငယ်သည် ရောင်စုံဓာတ်ပုံများ ထဲမှနေ၍ မလေးကို မထိတရီ ပြုံးပြနေခဲ့၏။ အံ့သြစရာဖြစ်ရ သည်မှာ ထိုမိန်းမငယ်သည် နိုင်ငံခြားသူတစ်ယောက် မဟုတ်၊ မြန်မာမိန်းကလေးတစ်ယောက် ဖြစ်လေသည်တကား။

'ကိုကိုကလဲ ဘာမှန်းမသိပါဘူး မလေးရယ်၊ အဲသည် မိန်းကလေးနဲ့ တွဲနေတာ၊ ပြန်လာရင် ယူကြမလို့တောင် သူများ တွေက ပြောနေတယ်၊ မေမေကလဲ စိတ်ညစ်နေတယ်လေ'

အလွန်ယဉ်ကျေးသော အသိပေးစကားဟု မလေး နားလည် လိုက်ပါသည်။ မိန်းကလေးတစ်ယောက်နဲ့ ပြည်ပမှာသည်လောက် တွဲပြီးရင်တော့ ယူသင့်တာပေါ့ဟု မလေးစိတ်ထဲက စေတနာမှန် ဖြင့် ပြောမိသည်။ လေးကန်ချည့်နဲ့သော ခြေလှမ်းများဖြင့် မောင့် ပိုင်နက်တွင်းမှ ပြန်ခဲ့ရသော်လည်း မလေး မျက်နှာကတော့ အပြုံးမပျက်ခဲ့။ မျက်ရည်တစ်စက်လဲ ကျမပြခဲ့ပါ။ တလောကလုံး မလေး ရင်ခွင်ထဲက ထွက်သွားကြပါစေ၊ မလေး မငိုတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။

နှင်းဆီမြိုင်ကို ပြန်ရောက်တော့ စိတ်ကို လျှော့ချလိုက်မည် ကြံသော်လည်း မျက်ရည်ကျလာမှာကိုမလိုလား၍ စိတ်ကို တင်း ထား၏။ ပူလောင်သော ကန္တာရမှ ပြန်လာရသူလို မောဟိုက် ပင်ပန်း၍နေသည်။ သို့သော် အနွမ်းပြေ သောက်သုံးစရာ စမ်းရေ တစ်ခွက်မျှပင် မရှိပါကလား။

သူငယ်ချင်းတွေ အလုပ်ခွင်မှ ပြန်လာကြတော့ နှင်းဆီမြိုင်မှာ ဆူညံအသက်ဝင်၍ လာသည်။

ရယ်သံတွေ၊ ညည်းသံတွေ၊ ချက်ပြုတ် ထုထောင်းသံတွေ ထမင်းချိုင့်ဖွင့်သံတွေ သောသောညံ၍ လာသည်။ ဘဝကို ဖြစ် သလို ရင်ဆိုင်နေကြ သူတွေပဲ၊ မလေးကော ဘယ်အခန်းကဏ္ဍက ပါဝင်ရပါသလဲ။

မြမြအေးက မလေးအတွက် ဟင်းလျာတွေ ပိုဝယ်ခဲ့သည်။ မြမြအေးကို အားနာလာ၏။ မလေးမှာ ပိုက်ဆံ အလုံအလောက် ပါသော်လည်း သူတို့က အထုတ်မခံ။ မလေး အလုပ်ရမှပေးပါ ဟု ဆို၏။ မလေးမှာ အလုပ်လက်ရှိပါပဲလေ။

မလေး ရန်ကုန်မှာ အလုပ်ရလျှင် မော်လမြိုင်က တပည့်လေး တွေကို ပစ်ထားရတော့မည်။ တပည့်လေးတွေမျက်နှာကို မြင် ယောင်၍ လာပြန်သည်။ သူတို့တစ်တွေ စာမေးပွဲဖြေနိုင်ပါ့မလား၊ စိတ်ပူ၍ လာပြန်လေသည်။

'မလေးရယ်၊ မင်း မနက်က မောင်မောင့်အိမ်ကို ရောက်ခဲ့ တယ် မဟုတ်လား၊ မြကို ဘာမှပြန်မပြောဘူးနော်'

မလေးရဲ့အကဲကိုကြည့်နေသော မြမြအေးက မေးပြီ၊ မလေး ဘယ်လိုဖြေရမလဲ မောင်ရယ်။ မျက်ရည်စတွေ ဝေ့ဝဲလာသော်

လည်း မျက်တောင် တဖျပ်ဖျပ်ခတ်ကာ သိမ်းဆည်းလိုက်လေသည်။

မောင့် အကြောင်းကို အတိုချုံး၍ ပြောပြလိုက်သည်။

'သည်လိုလုပ်ဖို့တော့ ဘယ်ကောင်းမလဲကွာ၊ သူ မလေးဆီ အကျိုးအကြောင်း တိတိလင်းလင်း ရေးသင့်တယ်'

'မထူးပါဘူး မြရယ်၊ ကိုယ့်ကိုမချစ်လို့ စွန့်ခွာသွားပြီပဲ၊ ဘယ်လို ဖြေရှင်းချက်မျိုးမှ မလေး မလိုချင်ပါဘူး'

'မောင်မောင့် အဘွားကြီးက မလေး အထင်လွဲအောင် တမင်လုပ်တာများလားကွယ်'

'မဟုတ်ဘူး မြ၊ မောင့်ရဲ့စာတွေက အသက်မပါတော့တာ၊ မလေး သိနေတာကြာပြီ'

နောက်ဆုံးတော့ မြမြအေးက တစ်ခုတည်းသော မေးခွန်းကိုသာ မေးတော့သည်။

'မလေး ရန်ကုန်မှာပဲနေမှာလားဟင် တဲ့'

\+ \+ \+

မလေး ဘယ်မှာနေရမလဲ ဖေဖေ။

မလေး ဘယ်မှာနေရမလဲ မောင်ရယ်။

မလေးမှာ တွယ်တာစရာ ဘာမှလဲမရှိတော့ပါကလား၊ မလေး ဘယ်နေရာမှာ ဘယ်သူ့အတွက် အသက်ရှင်နေရမှာလဲ၊ လူတစ်ယောက် အသက်ရှင် ရပ်တည်ဖို့အတွက် တွယ်တာစရာလေးတွေ တစ်ခုတော့ မရှိသင့်ပေဘူးလား။

မလေး မငိုဘူးဆိုသော်လည်း တလူးလူး တလိမ့်လိမ့်ဖြစ်နေပြီ။ ဖေဖေ့ကိုလည်း ပိုလွမ်းလာသည်။ ဖေဖေ အချစ်ဦးနှင့် လွဲခဲ့ရစဉ်က ဘယ်လိုများခံစားရရှာပါလိမ့်၊ ယခု အချစ်ဦးနှင့် ပြန်လည်ဆုံဆည်းရတော့ ဖေဖေ သိပ်ပျော်ရှာသည်လား။

ဖေဖေ့ ပျော်ရွှင်မှုကို မလေး ဘာကြောင့် မရှုစိမ့်ခဲရသလဲ။ အချစ်ကိုတောင် အပြီးတိုင် စွန့်လွှတ်ခဲ့ရသေးတာ။ မကုန်ခမ်းနိုင်တဲ့ မေတ္တာကို မျှဝေဖို့တော့ မလေး ဝန်လေးခဲ့မိသည်။ ဖေဖေ မလေးကို သတိရမှာပါ၊ ချစ်နေမှာပါဟု တွေးပြီး ဖေဖေ့ကိုပြေးတွေ့ချင်စိတ် တဖွားဖွား ပေါ်ပေါက်လာပြန်သည်။ ဖေဖေ့အကြောင်း တွေးတော့ မလေး မျက်ရည်ကျချင်လာသည်။

'မလေးရယ်၊ စိတ်ပြေလက်ပျောက် ရုံးကိုလိုက်ခဲ့လေ၊ မလေး အလုပ်လျှောက်လွှာလဲတင်ထားတာ၊ စာမေးပွဲကြောင်းလဲ စုံစမ်းရတာပေါ့'

နှင်းဆီမြိုင်မှာလည်း မလေးနေရတာ အဓိပ္ပာယ်မရှိတော့။ မလေးမှာ အလုပ်လည်း မရှိ၊ မျှော်လင့်စရာလည်း မရှိ၊ ဘာအတွက် နေမှန်းပင် မသိ။ ထို့နောက် မြမြအေးနောက်သို့ လိုက်ခဲ့သည်။ မြမြအေးတို့ရုံးမှာ စာရေးဝန်ထမ်းခေါ်၍ လျှောက်လွှာတင်ထားသော်လည်း တကယ်တမ်း ထိုအလုပ်ကို မလေး လုပ်လိုစိတ်မရှိ။ မလေးက ကျောင်းဆရာမဘဝကို မြတ်နိုးနေပြီ။ အလုပ်ပြောင်းရွှေ့ဖို့ ဆိုသည်မှာလည်း လွယ်မယောင်နှင့် ခက်သည်။ တကယ့်တကယ် လခလေးအနည်းငယ်ဖြင့် မြို့ပြမှာ ကျင်လည်ကျက်စားဖို့က လွယ်ကူသည့်အရာမဟုတ်၊ မလေးဘဝမှာ အစစ ပြီးပြည့်စုံအောင် ဖေဖေက စီစဉ် ဖန်တီးပေးခဲ့သည်။ မလေးမှာ ဘဝအတွေ့

အကြို နုနယ်လှသည်။ ယခု နှလုံးသား၏ အင်အားလည်း မရှိတော့။

'အလုပ်တွေက အရင်တစ်သုတ်ခန့်သွားတာ သိပ်မကြာသေးဘူး၊ စောင့်ရဦးမယ်တဲ့၊ မလေး အေးအေးဆေးဆေးနေနော်'

မြမြအေး၏ အလုပ်စားပွဲဘေးမှာ ငေါင်းစင်းစင်း ထိုင်နေသည်။ သူတစ်ပါး၏အလုပ်ခွင်နားမှာ ကလေးဆန်ဆန်ထိုင်နေမိသော သူ့အဖြစ်ကိုလည်း ရှက်လာသည်။ အလုပ် မရမချင်းသည်လိုပဲ ယောင်ချာချာဘဝဖြင့် နေရမည်လား။ လူဆိုတာ တစ်ခုခုတော့ လုပ်နေမှ ဘဝက အဓိပ္ပာယ်ရှိမည်။

'မလေးရေ မင်းကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ်နဲ့ တစ်ဌာနတည်း၊ အလုပ်ဝင်လာတာတော့မကြာသေးဘူး၊ကိုတင်ဦးတဲ့'

မြမြအေးက သူ့စားပွဲရှေ့မှာ လာထိုင်သော လူငယ်တစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ သူက မြမြရဲ့ သူငယ်ချင်း မလေးလေဟု ပြောသည်။

ထိုသူက မလေးမျက်နှာကို စူးစိုက်စွာ ကြည့်နေလေသည်။ မလေး စိတ်ထဲမှာ သူ့ကို တစ်နေရာရာမှာ မြင်ဖူးသလားသေသေချာချာ စဉ်းစားသော်လည်း မမှတ်မိ။ အလွန်ရင်းနှီးသော မျက်နှာတစ်ခုပါပဲ။ ပြီးတော့ ထိုသူက သိမ်မွေ့ညင်သာ ပြုံးလိုက်တော့ မြင်ဖူးသော အပြုံးတစ်ခုကို လှစ်ခနဲ သတိရသည်။

'သူ့နာမည် ဘယ်သူ'

မလေးက အထိတ်တလန့် အော်လိုက်သည်။

'ကိုတင်ဦးလေ'

မြမြအေးက ရယ်မောလျက် ပြောသည်။ မလေးရင်မှာ တထိတ်ထိတ် ခုန်လာသည်။ ခေါင်းတွေ မူးဝေလာသည်။ ကမ္ဘာပေါ်မှာ မတွေ့ချင်သော လူသားတစ်ယောက်ကို လာတွေ့နေရပြန်ပြီ။

'ကျွန်တော် မောင်တင်ဦးပါ မလေး၊ ဒေါ်ခင်ငြိမ်းရဲ့ တစ်ဦးတည်းသော သားပါ'

မလေးက နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ မြမြအေးက မလေး လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ထား၏။

'အေးအေးဆေးဆေးထိုင်ပါ မလေးရယ်၊ ကဲ တို့တစ်တွေ တစ်နေရာရာမှာ စကားသွားပြောကြရင် ကောင်းမယ်ထင်တယ်'

မလေး၏ ခြေထောက်များပင် တဆတ်ဆတ် တုန်နေပြီ။ ဆက်လက် ရပ်တည်ခြင်းငှာလည်း မစွမ်းတော့။ မြမြအေး ဆွဲခေါ်ရာနောက်သို့ ပါလာခဲ့မိလေသည်။

'မင်းတို့နှစ်ယောက်ကို အေးအေးဆေးဆေးမှ တွေ့ပေးမလို့ပါပဲ၊ ဒါပေမဲ့ မနေ့က မလေး အလုပ်လျှောက်လွှာကို မောင်တင်ဦး မြင်သွားတော့ မလေးကို သူ သိတယ်ဆိုပြီး အကျိုးအကြောင်း ပြောပြတယ်၊ သိပ်တွေ့ချင်တယ်ဆိုလို့ ကိုယ်ခေါ်လာခဲ့တာ'

မလေး စကားပြောရန်ပင် အားမရှိ။ ကိုတင်ဦးကတော့ အေးဆေးတည်ငြိမ်စွာ စီးကရက်ထုတ်ဖွာနေသည်။ မလေး သူ့ကိုလည်း မတွေ့ချင်ပါ။ မလေးရဲ့ အေးချမ်းတဲ့ ဘဝထဲကို ဝင်ရောက်ခဲ့သူ မိန်းမသားတစ်ဦး၏ ရင်သွေး၊ တစ်နည်းအားဖြင့် မလေးအား ဘဝမုန်တိုင်းတိုက်ခတ်မှုထဲမှာ တစ်နေရာက ပါဝင်ပတ်သက်နေသူ၊ မလေး အားလုံးကို မုန်းသည်။

'မလေးကို ဘာဖြစ်လို့ တွေ့ချင်တာလဲ၊ မလေး ဘယ်သူနဲ့မှ မတွေ့ချင်လို့ အိမ်က ထွက်လာတာ'

မလေးက နှုတ်ခမ်းကို တင်းတင်းကိုက်ကာ ပြောသည်။ ကိုတင်ဦးက စကားပြောရန်အားယူသည်။ မလေးထက် အသက်ငယ်ပုံရသော ကိုတင်ဦးသည် စကားပြောရာမှာလည်း သူ့မိခင်လိုပင် သိမ်မွေ့သည်။

'ကျွန်တော်လဲ ဘယ်သူနဲ့မှ မတွေ့ချင်လို့ မော်လမြိုင်ကို လိုက်မလာတာပါ မလေး'

ကိုတင်ဦးအသံက တိုးတိတ်ညင်သာသည်။

'ဒါဆိုလဲပြီးတာပဲ၊ မလေး ပြန်မယ် မြ'

မြမြက မလေးလက်ကို ဆွဲထားသည်။

'နေစမ်းပါဦးကွယ်၊ မင်းတို့မောင်နှမ အေးအေးဆွေးနွေးပါ၊ ကိုတင်ဦးက မလေးရဲ့အလုပ်လျှောက်လွှာမြင်ကတည်းကမလေးရဲ့ စိတ်ကို ကိုယ်ချင်းစာမိလို့ပါကွယ်၊ မင်းတို့နှစ်ယောက် ရန်သူတွေမှ မဟုတ်တာ၊ မလွဲမကင်းသာဆုံကြရတဲ့ မောင်နှမတွေမဟုတ်လား'

မောင်နှမတဲ့။ မြမြအေး၏ အသုံးအနှုန်းကြောင့် မလေး ငိုင်ကျသွားသည်။ မောင်နှမတဲ့လား။ မလွဲမကင်းသာတော်တဲ့ မောင်နှမတဲ့လား၊ မလေးကတော့ အေးချမ်းတဲ့ဘက်က တစ်ခါမျှ မတွေးတောမိခဲ့၊ မလေးက ဘာမဆို ဒေါသနှင့်ယှဉ်၍ ဆွေးနွေးခဲ့မိလေသလား။

'ဟုတ်ပါတယ် မလေးရယ်၊ ကျွန်တော်တို့က မောင်နှမတွေ ဖြစ်နေကြပြီ၊ ကျွန်တော် မလေးအကြောင်းကိုကြားတော့ အများကြီး ကိုယ်ချင်းစာမိပါတယ်၊ ကျွန်တော်လို ယောကျ်ားလေး

တစ်ယောက်တောင် အမေ့ကို ဆုံးရှုံးရတော့ ဝမ်းနည်းမိတယ်၊ ဒေါသဖြစ်မိတယ်၊ မလေးလို ငယ်ငယ် ကတည်းက အဖေ့ရင်ခွင်ထဲမှာ နေခဲ့ရသူ မိန်းကလေးတစ်ယောက် ဘယ်လို ခံစားရမယ်ဆိုတာ ကျွန်တော် တွေးမိပါတယ်'

မလေး ငြိမ်သက်စွာ နားထောင်နေမိတော့၏။ စိတ်လှုပ်ရှားရတာတွေ များလွန်း၍ မောဟိုက်၍လည်းနေသည်။ မြမြအေးက အအေးသောက်ရန် မှာပေးသည်။

'ကိုတင်ဦးနဲ့လဲ တစ်ခါမှ စကားမစပ်မိဘူး၊ တစ်နေ့ကမှ ပြောမိကြတာ၊ ကိုယ်ကလဲ မလေး ခံစားနေရတာတွေကို ပြောပြလိုက်တယ်'

မြမြအေးက ဝင်ပြောသည်။ မလေး ရင်ထဲမှာ တည်ငြိမ်စပြု၏။ ပြဿနာဟူသမျှကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

'မလေးရဲ့ ဖေဖေက လူကြီးလူကောင်း တစ်ယောက်ပါ၊ မေမေကလဲ ကျွန်တော့်အတွက် တာဝန်ကျေခဲ့တဲ့ မိခင်ကောင်း တစ်ယောက်ပါ၊ သူတို့ နှစ်ယောက်ရဲ့ အပြစ်ကင်းတဲ့ မေတ္တာနဲ့ ချစ်ခြင်းကို ဘယ်လိုသဘောနဲ့ ကန့်ကွက်ရမလဲ မလေး၊ ဒါကြောင့် မေမေ့ကို ကျွန်တော် ခွင့်လွှတ်ခဲ့တယ်'

မလေး တွေးဝေငေးမောရင်း နားထောင်နေမိသည်။ သူတို့နှစ်ယောက်ရဲ့ အပြစ်ကင်းတဲ့ မေတ္တာနဲ့ ချစ်ခြင်းတဲ့။ မလေးကတော့ ကိုတင်ဦးလို တစ်ခါမျှ ခွဲခြမ်းစိတ်ဖြာခြင်း မပြုခဲ့။ ကိုတင်ဦးက မလေးထက်ပိုပြီး ရင့်ကျက်လေပါတကား။

'တစ်ယောက်နဲ့တစ်ယောက် အနှစ်နှစ်ဆယ်ကျော် ချစ်လာတဲ့ သံယောဇဉ်ဟာ မသေးငယ်ဘူးလို့ ကျွန်တော် တွက်မိတယ်၊

မေမေ့ကို ကျွန်တော် နားလည်ပေမယ့် မိန်းမသားတစ်ယောက် အနေနဲ့ မစွန့်စားစေချင်ဘူး၊ မေမေရင်ဆိုင်ရမယ့် ပြဿနာတွေကို ကျွန်တော် ပြောပြပါတယ်၊ ဒါပေမဲ့ မေမေက နားမထောင်ဘူး လေ၊ သူ မော်လမြိုင်ကို လိုက်သွားမယ်၊ မလေးကို ရင်ဆိုင်မယ်တဲ့၊ သားကတောင် မေမေ့ကို နားလည်နိုင်သေးတာ သမီးဖြစ်တဲ့မလေး ကလဲ သူတို့ကို နားလည်မှာပါတဲ့'

မလေး ကိုတင်ဦးကို ဆတ်ခနဲ မော်ကြည့်မိလိုက်သည်။

'ကျွန်တော် ဆက်ပြောပါရစေ မလေးရယ်၊ ကျွန်တော့် မေမေ ကို ကျွန်တော် သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ဟာ လူငယ် တွေပါ၊ ကျွန်တော်တို့ဘဝအတွက် နောက်ထပ် ပျော်စရာတွေ၊ ချစ်စရာတွေ တွေ့ကြဦးမှာ၊ အဲသည်အခါကျ ကျွန်တော်တို့ကော ကိုယ်ကျိုးကိုမကြည့်ကြတော့ဘူးလား၊ မေမေတို့က ဘဝမှာ ပျော်စရာမရှိတော့ပါဘူး၊ သူတို့ရဲ့ နောက်ဆုံးဘဝကို ပျော်ရွှင်မှုရပါ စေဆိုပြီး ကျွန်တော် ခွင့်လွှတ်ခဲ့တာ၊ မေမေဟာ သူ့ရဲ့အိမ်ကိုရော၊ စီးပွားဥစ္စာကိုပါ တစ်ခါတည်းစွန့်ခွာသွားတာ အံ့သြစရာပါပဲ'

မလေးရင်မှာ တလှပ်လှပ်ခုန်လာသည်။

ငါဟာ လူငယ်တစ်ယောက်လောက်တောင် နားလည်ခွင့် လွှတ်မှု မရှိပါကလား။ ငါ့အတွက်သာ ငါကြည့်ခဲ့တာ၊ ငါထွက်ခဲ့ မိတာ ဖေဖေ့ကို မကျေနပ်ချက်တစ်ခုတည်းနဲ့ပဲလား၊ ငါ့အတွက် မျှော်လင့်စရာ မောင့်ရဲ့ အချစ်ကို ကိုးစားမျှော်လင့်ခြင်းကော မပါခဲ့ ပေဘူးလား။

'ကျွန်တော်က တစ်ဦးတည်းသောသားမို့ မေမေက သိပ်ချစ် ပါတယ် မလေးရယ်၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်အနေနဲ့

ကျွန်တော် မေမေ့လောက် မစွန့်စားရဲပါဘူး၊ ဒါကြောင့် ကျွန်တော် နေခဲ့တာ၊ ကျွန်တော်ထွက်ပြီး အလုပ်ရှာခဲ့တာ၊ ကျွန်တော်ရုံးစာရေး ဘဝကို မပျော်ပါဘူး၊ မေမေ့ အလုပ်ကိုလဲ ဆက်မလုပ်ချင်လို့ ခေတ္တခဏ ဝင်လုပ်တာပါ၊ သည်မှာ မလေး အကြောင်းကိုသိရ တော့ ကျွန်တော့်လိုပဲ ခံစားနေရသူတစ်ယောက် ရှိပါလားရယ်လို့ သိရတယ်၊ ဒါပေမဲ့ မလေးက မိန်းကလေးတစ်ယောက်၊ ကျွန်တော့် အစ်မ တစ်ယောက်ပါ၊ မလေး သည်မှာနေဖို့မလိုအပ်ဘဲ စိတ်ဒုက္ခ ခံပြီး နေနေမှာစိုးလို့ ကျွန်တော် တွေ့ဖို့ ကြိုးစားတာပါ၊ ကျွန်တော် မလေးတို့ မိသားစုဘဝထဲကို မလာပါဘူး၊ ဒါပေမဲ့ ကျွန်တော့် မေမေကိုတော့ နားလည် ခွင့်လွှတ်စေချင်ပါတယ်၊ ပြီးတော့ မလေးကိုလဲ အိမ်ပြန်ဖို့ ကျွန်တော် တောင်းပန်ချင်ပါတယ်’

နောက်ဆုံးစကားကို ကိုတင်ဦးက လှိုက်လှိုက်လှဲလှဲ ပြော သည်။ မလေး နှလုံးသားမှာ သိမ့်သိမ့်တုန်လာသည်။ မျက်ရည်တွေ လိမ့်ဆင်းလာသည်။ မလေးက ချစ်မေတ္တာတွေနဲ့နေရာကို စွန့်ခွာ ထွက်ပြေးခဲ့မိသည်။ သည်ဘက်တွင် မလေးမျှော်လင့်သော ချစ် မေတ္တာသည် အငွေ့အသက်မျှပင် မရှိပါလေတကား။

‘ကိုတင်ဦးပြောတာကို မလေး သဘောပေါက်မှာပါ သူငယ် ချင်းရယ်၊ မြလဲ မင်းခံစားနေရတာတွေ မလိုလားဘူး၊ မင်း အိမ်ပြန်စေချင်တယ်၊ မြ စေတနာကို နားလည်ပါနော်’

မလေး ခေါင်းကို ဖြည်းလေးစွာညိတ်သည်။

‘ကျွန်တော် ဝမ်းသာတယ် အစ်မရယ်’

ကိုတင်ဦး၏ လှိုက်လှဲသော စကားသံအဆုံးမှာ မလေး သူ့ မျက်နှာကို မော်ကြည့်မိသည်။ အပြစ်ကင်းသော မျက်နှာ၊ သြော်

ဒေါ်ခင်ငြိမ်းဟာ သည်သားတစ်ယောက်ကို ခွဲရတဲ့အတွက် သောက ကို ရင်မှာ ဝှက်ထားရရှာမှာပါလားရယ်ဟု ပထမဆုံးအကြိမ် စာနာမိသေးသည်။ ဖေဖေကတော့ အို ခုလောက်ဆို ဖေဖေ ဘယ်လောက် သောကရောက်နေရှာမလဲနော်။

မလေး ရုံးကိုပြန်မလိုက်တော့၊ အဆောင်ကိုပြန်ပြီး ပစ္စည်း သိမ်းဖို့ ဆုံးဖြတ်လိုက်သည်။ ကိုတင်ဦးနှင့် မြမြအေးတို့က မလေး ကို ကားတစ်စီးငှားပြီး တင်ပေးလိုက်သည်။

'ကျွန်တော် ပိုက်ဆံပေးလိုက်တယ် အစ်မ'

ကိုတင်ဦးက ကားသမားကို ပိုက်ဆံထုတ်ပေးပြီး လှမ်းပြော လိုက်တော့ မလေးရင်မှာ သိမ့်သိမ့်ခါသွားသည်။

အစ်မ အစ်မ ဟူသော အသံကို ပဲ့တင်သံလို ထပ်ခါတလဲလဲ ကြား ယောင်နေသည်။

'မင်း အဆောင်ကို လာခဲ့ဦးနော်၊ မလေး သဘက်ခါပြန်မယ်' ကားက ဘီးလိမ့်၍ ထွက်ခွာမည်အပြု မလေးနှုတ်က လှမ်းအော် ဖြစ်သည်။ ကိုတင်ဦး၏မျက်နှာ ဝင်းလက်သွားပုံမှာ တကယ့် ကလေးငယ်တစ်ယောက်က သူ့အမေတစ်ယောက်၏ နှုတ်ဆက် သံကို ကြားလိုက်ရသကဲ့သို့ပါတကား။

မလေးရင်မှာ တစ်ခါမျှ မခံစားဖူးသော မေတ္တာဓာတ်၏ နွေးထွေးမှုသည် ရင်တွင်းသို့တိုင် စီးဆင်း၍သွားခဲ့လေသည်။

\+ \+ \+

လယ်ကွင်းပြင်များကို တရိပ်ရိပ်ဖြတ်သန်းလာခဲ့ပြီ။ တံတားတွေ အတန်တန် ဖြတ်ကျော်ခဲ့ပြီ။ ချောင်းတွေ မြောင်းတွေ ဝေးကျန်ခဲ့ပြီ။

တိုက်တာ အဆောက် အအုံတွေ လူတွေဖြင့် ပြည့်နှက်နေသော မြို့ပြ၏ အရိပ်သည်လည်း ဟို အဝေးမှာကျန်ခဲ့ပြီ။ ဟန်ဆောင်မှုတွေ၊ တိုက်ခိုက်မှုတွေ၊ ရုန်းကန်လှုပ်ရှားမှုတွေဖြင့် ပြည့်နှက်နေသော ကမ္ဘာသည် မလေး၏နောက်မှာ ကျန်ခဲ့ပြီ။

မလေး ရှာဖွေနေသော အရာသည် စည်းစိမ်ဥစ္စာမဟုတ်၊ ဟန်ဆောင်ပြုံး မဟုတ်၊ ပူလောင်ခြင်းမဟုတ်။ အေးချမ်းသော ချစ်ခြင်း မေတ္တာတရားသာ ဖြစ်၏။ မလေးက သည်မှာဘက်တွင် သူ မျှော်လင့်သော ချစ်ခြင်းမေတ္တာ တရားကို ဖွေရှာတွေ့ရှိမည်ဟု မျှော်လင့်ခဲ့မိ၏။ သို့သော် သည်မှာဘက်က သူမ၏ရင်ကို ခြေအစုံဖြင့် ကန်ကျောက်ခဲ့ပြီတည်း။

ဝမ်းနည်းဝမ်းသာခြင်းဖြင့် မျက်ရည်စတွေ ပါးပြင်ပေါ် လိမ့်ဆင်းလာသည်။ ပြတင်းပေါက်အပြင်ဘက်ကို ငေးလာရသော်လည်း ပြင်ပကမ္ဘာကို မှုန်ဝါးဝါးသာ မြင်ရသည်။

ရထားက အရှိန်ကို တိုးမြှင့်ခဲ့သည်။ မိုင်တိုင်လေးတွေ လျင်မြန်စွာ ပြေးဝင်လာကြသည်။

'မလေး ပြန်သွားမယ်ဆိုရင် မေမေက သိပ်ဝမ်းသာမှာပါ မလေးရယ်၊ မေမေက ကျွန်တော့်ဆီ စာရေးခဲ့တယ်၊ သားပြောသလိုပဲ၊ မေမေ ရင်ဆိုင်ရတဲ့ဘဝဟာ သိပ်မလွယ်ပါဘူးတဲ့၊ သားကို ပစ်ထားခဲ့မိတာ မေမေ မှားပြီလား မသိဘူးတဲ့၊ သူ မျှော်လင့်တဲ့ ဘဝကို မရရင် သားဆီကိုပဲ ပြန်လာခဲ့မယ်တဲ့လေ'

မနေ့ညနေက ကိုတင်ဦးက အဆောင်ကို ရောက်လာခဲ့သည်။ မလေးရဲ့ မောင်လေးဆိုလား အောက်မှာ ရောက်နေတယ်ဟု အမျိုးသမီးတစ်ဦးက လာခေါ်တော့ မလေးမျက်နှာက

ကြည်နူးမှုအပြုံးကို ဟန်ဆောင် ဖုံးကွယ်၍ မရခဲ့။ မလေးရဲ့ တစ်သက်မှာ အဖေကလွဲပြီး တခြားသူတစ်ယောက်ရဲ့ သွေးသားတော်စပ်မှု အခေါ်အဝေါ် အသုံးအနှုန်းလေးတွေကိုပင် မသုံးစွဲခဲ့မိဖူးပါတကား။ နှစ်ယောက်သား ကြည်ကြည်လင်လင် ပြန်ဆုံကြပြီး ကိုတင်ဦးက သူ့မိခင်ဘက်မှ ခံစားမှုကို ဖွင့်ဟ ပြောပြခဲ့သည်။ ကိုတင်ဦးသည် ယောကျ်ားလေးတစ်ယောက် ဖြစ်ပါလျက် တတ်သိနားလည်သူ၊ ခွင့်လွှတ်တတ်သူ လူသားတစ်ယောက်ဖြစ်နေ၏။ မလေးကသာ မိမိအလိုဆန္ဒ တစ်ခုတည်းကို ရှေ့တန်းတင်ဦးစားပေးမိသည်။

'မလေးဟာ အလိုက်မသိတဲ့ ဆိုးတဲ့ မိန်းကလေးတစ်ယောက်လို့ ထင်မှာပဲနော်'

ကိုတင်ဦးက ခေါင်းကို သွက်လက်စွာ ခါယမ်းသည်။

'လုံးဝမထင်ပါဘူး မလေးရယ်၊ မလေးက သိပ် ဥက္ကန္ဒြေရှိတဲ့အကြောင်း၊ လုပယဉ်ကျေးကြောင်း၊ စိတ်ထဲက မကျေနပ်သော်လည်း ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြောင်း၊ အဖေကို သိပ်ချစ်ကြောင်း၊ အိမ်မှုကိစ္စ ကျွမ်းကျင်ကြောင်း စုံနေတာပါပဲ၊ တစ်ခုပဲ ရှိပါတယ်'

'ဘာလဲဟင်'

ကိုတင်ဦးက ခေတ္တ ဆိုင်းငံ့နေသည်။

'ပြောပါကွယ်၊ မလေး မှားခဲ့တာလေးတွေလဲ ရှိပါတယ်၊ မလေး ကြားချင်တယ်'

'မလေးက သူ့အပေါ် နားလည်မှုလွဲနေတယ် ထင်တယ်တဲ့၊ သူဟာ မလေးရဲ့ ဖေဖေကို ချစ်တာတော့ မှန်ပါတယ်၊ ဒါပေမဲ့

ပြီးခဲ့တဲ့ အတိတ်ကာလမှာကော အခုကော မလေးဖေဖေရဲ့ အချစ်ကို ဘယ်သူ့ဆီကမှ လုမယူခဲ့ပါဘူးတဲ့၊ မလေးကတော့ မလေးအဖေဆီက အချစ်ကို လုယူတယ်ထင်နေတာ၊ မေမေက သားအပေါ် မေတ္တာထားသလိုပဲ သူချစ်ခဲ့တဲ့ ယောကျာ်းတစ်ယောက်အပေါ်မှာရော၊ မလေးအပေါ်မှာရော မေတ္တာတွေပေးဖို့ ကြိုးစားနေတာပါတဲ့ မလေးရယ်'

မိခင်အတွက် လျှောက်လဲချက်ပေးနေသော ကိုတင်ဦး အသံကပါ လိုက်လှဲတုန်ခါနေသည်။ မျက်ရည်စတွေ ရစ်ဝဲလာသည်ကိုတွေ့ရတော့ မလေး ဝမ်းနည်းမိသည်။ လောကမှာ မေတ္တာပေးလိုသူဆိုတာ ရှိပါသေးသလား။ မေတ္တာပေးလိုသူ ရှိသော်လည်း မေတ္တာငတ်သူ မလေးက အဝေးကို ရှောင်ရှားခဲ့သည်။

'မင်းရဲ့ သဘောထားကကော ဘယ်လိုလဲဟင်၊ မလေးတို့ သားအဖအပေါ် ဘယ်လို သဘောထားလဲ'

'ကျွန်တော် မှန်တာပြောရရင် အစကတော့ မလေးလိုပဲ ခံစားရတယ်၊ ဒီအသက်အရွယ်ရောက်မှ စိတ်ကူးယဉ်တယ်လို့ စွပ်စွဲမိခဲ့တယ်၊ ကျွန်တော့်အဖေကိုတောင် မချစ်ဘဲယူခဲ့သလားလို့ စွပ်စွဲ ရန်လုပ်ခဲ့မိပါတယ် မလေးရယ်'

'သြော်'

မလေး ကိုတင်ဦးအပေါ် နားလည်စာနာမိသည်။

'ဒါပေမဲ့ မေမေကလဲ အိမ်ထောင်သက်တစ်လျှောက် သူဘာများချွတ်ယွင်းခဲ့သလဲ၊ ဖောက်ပြန်ခဲ့သလဲ၊ သားအပေါ် ဘာများဝတ္တရားပျက်ခဲ့သလဲလို့ ချေပပါတယ်၊ ရင်ထဲက အချစ်ကိုတော့ သူ ဖျောက်ဖျက်လို့မရတာ မတတ်နိုင်ဘူးတဲ့လေ၊ ကျွန်တော်က

တော့ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် အဲသလောက် စွဲစွဲလမ်းလမ်း ချစ်တယ်ဆိုတာ မကြုံဖူးတော့ မယုံဘူးပေါ့ မလေး ရယ်'

ထိုစကားကိုပြောတော့ ကိုတင်ဦး၏ မျက်နှာသည် အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်သဖွယ် ဖြစ်၍နေသည်။ ရှက်သလို အမူအရာဖြင့် တဟဲဟဲရယ်တော့ မလေးပါ ရောရ၍ရယ်မိသည်။

'ခုတော့လဲ မောင်နှမတွေ တည့်လို့ပါလားနော်၊ မလေး မနက်ဖြန် ပြန်မယ်ဆိုတာ မော်လမြိုင်ကို ဖုန်းဆက်ပါလားကွယ်၊ မလေးအဖေ လာကြိုမှာပေါ့၊ သိပ်လဲ ဝမ်းသာမှာပဲ'

မြမြအေးကပါ အဆောင်ထဲက ထွက်လာပြီး စကားဝိုင်းဖွဲ့တော့ ပိုပြီး စိုစိုပြည်ပြည်ဖြစ်သွားကြသည်။ ရန်ကုန်မှာနေရစဉ် ကာလအတွင်း သည်ညနေခင်းကလေးက အလွန် ပျော်စရာကောင်းသော ညနေခင်းလေးပါပဲ။

'မဆက်တော့ဘူး မြရယ်၊ ဖေဖေ လာမကြိုလဲ မလေး ပြန်တတ်နေတာပဲ၊ ဖေဖေ ရုတ်တရက် ဝမ်းသာမှာပါ'

'ကိုတင်ဦးကိုပါ ခေါ်သွားပါလားကွယ်၊ သူလဲ အလုပ်ထဲမှာ ပျော်ပုံမရပါဘူး၊ သူလုပ်ရတဲ့ နေရာကလဲ မကောင်းဘူးကွယ့်'

ကိုတင်ဦးက ခေါင်းခါ၍သာနေသည်။ မလေးကလည်း မနေ့တစ်နေ့ကမှ ကောက်ကာငင်ကာ တော်လိုက်ရသော မောင်လေး အသစ်စက်စက်ကို တစ်ပါတည်းခေါ်သွားရန် မဝံ့သေးပါ။ ဖေဖေ အိမ်ထောင်ပြု၍မှ အရှက်မပြေသေးခင် ပတ်ဝန်းကျင်ကို ရင်ဆိုင်ရမှာ မလေး လန့်နေမိသည်။

'နောက်တော့ လာခဲ့ပေါ့နော် မလေး ကြိုနေပေါ့မယ်၊ အန်တီငြိမ်းလဲ သိပ်တွေ့ချင်မှာပဲ၊ သူ အမြဲ စာရေးတယ်နော်'

'ဟုတ်တယ် မလေးရယ်၊ မေမေက ကျွန်တော့်ကို သား ယောကျ်ားလေးလို သဘောမထားဘူး၊ သူငယ်ချင်း မိတ်ဆွေလိုပဲ သူ့ရင်ထဲရှိတာ အကုန် ပြောတတ်တာ'

'ကိုတင်ဦး မေမေကို လွမ်းနေမှာပဲနော်'

'ကျွန်တော် သိပ်သတိရတာပဲ'

လိုက်ခဲ့ပါလားဟု ခေါ်ချင်သော်လည်း နှုတ်ကမဝံ့။ အနီး ကပ်ဆုံးရှိနေသော မြမြအေးကိုပါ ရောယောင်ရှက်နေမိသည်။ အို ဘာဖြစ်လို့ ရှက်ရမှာလဲ၊ ငါတို့နှစ်ယောက်ဟာ ဘဝကပေးတဲ့ မောင်နှမရင်းတွေပဲဟု ရင်ထဲကတော့ ဖြေသိမ့်နေမိသည်။

'မလေး အိမ်ပြန်ရောက်ရင် အားလုံး ပျော်စရာကောင်းမှာ၊ မြဆီလဲ စာရေးနော်'

'ရေးပါမယ် မြရယ်၊ မြကိုလဲ ကျေးဇူးတင်တယ်'

ကြည်နူးစဖွယ် ညနေခင်းလေးကလည်း ဝေးကျန်ခဲ့ပြီ။ မလေး စိတ်တွင် အိမ်ကိုရောက်လိုစိတ်တွေ ပြည့်နှက်နေပြီ။ ဖေဖေ့မျက်နှာကို မြင်ချင်ပြီ။ ဖေဖေနှင့်ဝေးရာမှာ မလေး ပျော်ရွှင်မှု မရနိုင်တာ ပြောပြချင်သည်။ လူတွေ၏ ချစ်မေတ္တာ တရားကို မလေး အလိုက်မှားခဲ့မိတာ အထိနာခဲ့တာ မကွယ်မဝှက်ဘဲ ရင်ဖွင့်ပြချင်သည်။ ကိုတင်ဦးနှင့် သူ့မေမေလို တစ်ယောက် အပေါ် တစ်ယောက် နားလည်သည့် သမီးနှင့် ဖေဖေအဖြစ် ရင်းနှီး ပွင့်လင်းချင်သည်။ ပျော်ရွှင်စရာကောင်းမည့် အနာဂတ်ဘဝကို ဖေဖေသိလျှင် ဖေဖေ မည်မျှ ပျော်လေမည်လဲ။ အချစ်အတွက်

အသက်ရှင်နေခဲ့သည့် ဖေဖေ ရှေ့ ဆက်၍လည်း အသက်ရှည်ရှည် နေရဦးတော့မည်။

သားဖြစ်သူနှင့် နားလည်မှုရခဲ့သည့်အတွက် ဒေါ်ခင်ငြိမ်း တစ်ယောက်လည်း အတိုင်းမသိ ပျော်ပါလိမ့်မည်။ မေတ္တာပေးဝေ လိုသူတစ်ယောက် မလေးအပေါ် မေတ္တာဖြင့် ဆက်ဆံလာလျှင် တုံ့ပြန်လက်ခံလိုက်တော့မည်။ အို သည်လိုတော့လည်း ကမ္ဘာကြီး က ပျော်စရာအကောင်းသားပါလား။

ရထား ဘီးလိမ့်သည့်နှုန်းသည် နှေးကွေးလွန်းလှချေတကား။ တစ်မှေးမျှ အိပ်ပျော်သွားသည်။ ခရီးသည်တွေ၊ ဈေးသည်တွေ ဆူညံ လှုပ်ရှားလာကြသည်။ သြော် သည်တော့မှ အတွေးကမ္ဘာမှ တရေးလန့်နိုးပြီး ပတ်ဝန်းကျင်ကို လေ့လာမိသည်။ မုတ္တမဘူတာ ကို ရထားဆိုက်ပေတော့မည်။

ပစ္စည်းလေး အနည်းအကျဉ်းသာပါသည်မို့ ရထားပေါ်မှာ အေးအေးဆေးဆေးပင် ထိုင်နေမိသည်။ ကြိုဆိုမည့်သူမရှိ၍ ပြတင်း အပြင်ဘက်ကိုလည်း ခေါင်းပြူ၍ မကြည့်မိ။ ဖုန်းဆက်ထားမိ လျှင်တော့ ဖေဖေ ဝမ်းသာအားရ လာကြိုနေမှာပဲဟု တွေးမိသည်။

တွဲပေါ်မှ လူရှင်းသွားမှ အေးဆေးစွာ ဆင်းလာခဲ့သည်။ ဟိုဘက်ကမ်းကို ကူးဖို့ ဈေးသည်တွေ အပြေးအလွှား ဆင်းသွားကြ သည်။ မလေး တစ်ယောက်စာအတွက် ပူတောင့်ပန်းပင် မဖြစ် တော့ပါ။ ဟိုဘက်ကမ်းရောက်လျှင်သာ အိမ်ရှိရာကို အပြေးနှင် မသွားမိဖို့ သတိထားရမည်။

ပလက်ဖောင်းပေါ်မှာ သားရေအိတ်ကိုချပြီး ခေတ္တရပ်နေခိုက် မမျှော်လင့်သူကို ဖြုန်းခနဲ တွေ့လိုက်ရလေသည်။

'ဖေဖေ'

မလေးက ကျယ်လောင်စွာ အော်လိုက်မိသည်။ ဖေဖေက မလေးဆီကို ပြေးလာသည်။

'ရှာလိုက်ရတာ သမီးရယ်'

ဖေဖေက မလေးရဲ့ လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီးပြောကာ မျက်ရည်စတွေ ရစ်ဝဲလာသည်။ မလေးကလည်း ဖေဖေ့လက်ကို ပြန်လည် ဆုပ်ကိုင်ထားမိပြီး မျက်ရည်စတွေ လိမ့်ဆင်းလာသည်။

'ဖေဖေ့ဆီ ကိုတင်ဦး ဖုန်းဆက်လို့လားဟင်'

ဖေဖေက ခေတ္တငေးငိုင်သွားပြီး ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

'လာ သမီး'

ဖေဖေက မလေးလက်ကို ဆွဲခေါ်လာခဲ့သည်။ မလေးနှုတ်က အန်တီငြိမ်းပါသလားဟု မေးချင်သော်လည်း ရုတ်တရက် နှုတ်က မထွက်။ ဖေဖေ ချမ်းသာကြည်နူးနေပုံကတော့ ဖုံးကွယ်မရ။ မလေးလက်ကို ဆုပ်ကိုင်ထားပုံက မြဲမြဲလှသည်။ လမ်းလျှောက်ပုံက သွက်လက်လှသည်။ ကိုတင်ဦးက တယ်လီဖုန်းထဲကနေပြီး ဖေဖေ့ကို အကြောင်းစုံ ပြောပြပြီးပေရော့မည်။ အန်တီငြိမ်းကရော ဝမ်းသာနေမလား။ မလေး သိချင်သည်။ သို့သော် အန်တီငြိမ်းကို မတွေ့။ မလေး မသိစိတ်က အန်တီငြိမ်းကို ရှာနေသည်။

'ဟော'

မလေးနှုတ်က ယောင်ယမ်းအော်လိုက်မိသည်။ အလွန်တရာလည်း အံ့သြသွားသည်။

မလေးတို့ရှိရာသို့ လူနှစ်ယောက် ပြေးလာနေသည်။ တစ်ယောက်က အန်တီငြိမ်း၊ ကျန်တစ်ယောက်က–

‘ကျွန်တော် ဒီရထားနဲ့ပဲပါလာတယ် အစ်မရယ်၊ အစ်မကို မပြောတာ စိတ်မဆိုးပါနဲ့၊ ကျွန်တော်လဲ ဖုန်းဆက်ရင်း မေမေ့ကို တွေ့ချင်လွန်းလို့ ရုတ်တရက် လိုက်လာမိတာ၊ နေရာတောင် မရဘူး’

‘မင်း သိပ်ဆိုးတာပဲကွယ်’

သို့သော် မလေးက ခွင့်လွှတ်လိုက်ပါသည်။ ရုတ်တရက် ဝမ်းသာခြင်း အသိကိုလည်း ခံစားရသည်။ မလေးတို့သားအဖ ဆုံတွေ့ရသလို ဒေါ်ခင်ငြိမ်း တစ်ယောက်လည်း သူ့သားကို တွေ့ရလျှင် ဝမ်းသာရှာမှာပဲဟု မလေးစိတ်က စောစောကပင် တွေးခဲ့မိသည်။ ယခုတော့ ဒေါ်ခင်ငြိမ်းမျက်နှာသည် ဝမ်းသာ ကြည်နူးခြင်း၊ နှစ်သိမ့်ခြင်း၊ ရင့်ကျက်ခြင်းဖြင့် ကျက်သရေမင်္ဂလာ ရှိ၍နေပြီ။ သြော် လူဆိုတာ စိတ်နှလုံးကြည်လင်မှသာ အကောင်း ဘက်က မြင်နိုင်ပါလားဟု မလေးတွေးလိုက်မိပြီ။

‘မောင်နှမနှစ်ယောက် ရထားတစ်စင်းတည်း အတူလာပြီး အသိမပေးတာ မင်းဆိုးတာပေါ့ သားရယ်၊ တကယ်ဆို ကိုယ့်အစ်မ ကို လမ်းခရီးမှာ စောင့်ရှောက်ရမယ် မဟုတ်လား’

ဒေါ်ခင်ငြိမ်းက ပြုံး၍ ပြောသည်။

‘ကျွန်တော် ဘူတာတစ်ခုမှာ ရထားဆိုက်တိုင်း တွဲနားသွား ကြည့်ပါတယ် မေမေရယ်၊ မလေးက သူ့သူငယ်ချင်းတွေ ထည့် ပေးလိုက်လို့ တစ်လမ်းလုံး စားသောက်လာတာ၊ ကျွန်တော်သာ ဘာမှမပါလို့ ငတ်လာတာပါ’

မလေးစိတ်က ကိုတင်ဦးကို တကယ့်မောင်လေးတစ်ယောက် လိုပဲ ကြင်နာစိတ်ပိုသွားသည်။ တကယ့် မောင်နှမတွေ သည်လိုပဲ

ကြင်နာစိတ် ရှိကြလေသလား။ တကယ့် မိသားစုကမ္ဘာမှာရော သည်လိုပဲ မေတ္တာတရားတွေ ရောင်[illegible] သား။ ကြည်နူးမှု အပြုံးတွေ ဝေနေတတ်ကြသ[illegible] သိခဲ့။ ဘယ်တုန်းကမှလဲ မသိခဲ့ပါ။

အနာဂတ်မှာတော့ အချစ်မရှိတော့သော မလေးရဲ့ ကမ္ဘာမှာ မေတ္တာ အကြင်နာတွေဖြင့် အစားထိုးကာ ပျော်ရွှင်ချမ်းသာလိမ့်မည်ဟု မျှော်လင့်ချက် ရောင်ခြည်တို့ လင်းလက်၍နေပြီ ဖြစ်၏။

**[တိုင်းရင်းမေ။ ။ ဒီဇင်ဘာ၊ ၁၉၈၇ မှ ဇူလိုင် ၁၉၈၈ ထိ ]**

## စာရေးသူ ၏
## စာပေ နှင့် ဘဝဖြစ်စဉ်မှတ်တမ်း

၁၉၄၄၊ အောက်တိုဘာ ၂၄ အမည်ရင်း ဒေါ်စန်းစန်းကို နိုက်ဦး မြို့၌ အဖ ဦးထွန်း၊ အမိ ဒေါ်မြရှင်တို့မှ မွေးဖွားသည်။

၁၉၅၂ ကျိုက်ဦးမြို့ အစိုးရ အထက်တန်းကျောင်းတွင် စတင် ပညာသင်ကြားသည်။

၁၉၅၆ စတုတ္ထတန်း ကောလားရှစ် ဆု ရသည်။

၁၉၅၉ သတ္တမတန်း ကျောင်းသူဘဝတွင် ကဗျာများ စတင် ရေးသားသည်။ ကျောင်းစာကြည့်တိုက်နှင့် နံရံကပ် စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၀–၁၉၆၄ အထက်တန်းကျောင်းသူ ဘဝတွင် ခရိုင် အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိခဲ့သည်။

၁၉၆၄ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။

၁၉၆၅ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်တွင် သမိုင်း အဓိကဖြင့် တက်ရောက်သင်ကြားသည်။

| | |
|---|---|
| ၁၉၆၇၊ မတ် | • တိုင်းရင်းမောကျာနယ်တွင် ရွက်လှပန်းလေး ကိုယ့်ဘဝ ကဗျာကို စတင် ရေးသားခဲ့သည်။ |
| ၁၉၆၈၊ ဇန်နဝါရီမှ နိုဝင်ဘာ | • မြောက်ဥက္ကလာပမြို့နယ် အ.မ.က (၂၃) တွင် မူလတန်းပြ ဆရာမအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ |
| ၁၉၆၉၊ နိုဝင်ဘာ၊ ၆ | • မျိုးညွန့် (တာမေပလောက) နှင့် လက်ထပ် သည်။ |
| ၁၉၇၀၊ မေ | • တိုင်းရင်းမောကျာနယ်တွင် ပြင်ဆင် ချယ်သ မျက်ရုံးအလှ ဆောင်းပါးကို စတင်ရေးသား ခဲ့သည်။ |
| ၁၉၇၂၊ စက်တင်ဘာ | • ငွေတာရီမဂ္ဂဇင်းတွင် အိမ်နီးချင်း အမည်ရှိ ပထမဦးဆုံး ဝတ္ထုတိုကို ရေးသားခဲ့သည်။ |
| ၁၉၇၂-၇၈ | • မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ ပါတီ သုတေသနဌာနခွဲတွင် သုတေသန လက် ထောက် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ |
| ၁၉၇၄၊ အောက်တိုဘာ | • ပျောက်သောလမ်းမှာ ခမ်းတာဝါ အမည်ရှိ ပထမဆုံး လုံးချင်းဝတ္ထုရှည်ကို ရေးသားခဲ့ သည်။ ယင်းဝတ္ထုဖြင့် ၁၉၇၄ ခုနှစ် အမျိုးသားစာပေ ဆု ရခဲ့သည်။ |
| ၁၉၇၅၊ ဖေဖော်ဝါရီ | • မှုင်တာမျိုး ကြေတာမျိုး ကို ရေးသားခဲ့သည်။ |
| ၁၉၇၅၊ ဩဂုတ် | • ရွက်လှပန်းကို ရေးသားခဲ့သည်။ |
| ၁၉၇၆၊ မေ | • ငပလီစာတင်လမ်း ကို ရေးသားခဲ့သည်။ |
| ၁၉၇၆၊ အောက်တိုဘာ | • 'အချစ်ဆိုသောအရာ' ကို ရေးသားခဲ့သည်။ |

၁၉၇၇၊ မေ «ဘယ်သူလာကွယ်ပါမယ်» ကို ရေးသားခဲ့သည်။

၁၉၇၈၊ ဧပြီ «မှတ်စုပါး အကြွေးမရှိပြီ» ကို ရေးသားခဲ့သည်။

၁၉၇၈၊ ဇူလိုင် «သမုဒ္ဒရာ အဝေးကကမ္ဘာ့» ကို ရေးသား ခဲ့သည်။

၁၉၇၈၊ နိုဝင်ဘာ «မှ တစ်ဆင့်» ကို ရေးသားခဲ့သည်။

၁၉၇၈ «မျှော်လင့်သောလမ်းမှာ ဆမ်းတဝါး» ကို ရုရှား ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

၁၉၇၉၊ ဩဂုတ် «ရွှေတိဂုံကိုမြင်လျှင်» ကို ရေးသားခဲ့သည်။

၁၉၇၉၊ ဒီဇင်ဘာ «မြိမ်းကိုရှက်ပါ» ကို ရေးသားခဲ့သည်။

၁၉၈၀၊ ဧပြီ «ကျိုး» ကို ရေးသားခဲ့သည်။

၁၉၈၀၊ ဇွန် «မဂ္ဂဇင်း ဝတ္ထုရှည်များ» ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်ဖြင့် ၁၉၈၀ ပြည့်နှစ်၊ အမျိုးသား စာပေ ဝတ္ထုတိုပေါင်းချုပ်ဆုကို ရရှိခဲ့သည်။

၁၉၈၀၊ အောက်တိုဘာ «သမုဒ္ဒရာ မှုန်စစ်စင်း မြစ်မင်း တစ်ဆယ့် သုံးသွယ်» ကို ရေးသားခဲ့သည်။

၁၉၈၀ «ဘယ်သူလာ ကွယ်ပါမယ်» ကို ရုရှား ဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည်။

၁၉၈၁၊ ဖေဖော်ဝါရီ «ကြွေမကျိုးခဲ့ပေ ပေမကျိုးခဲ့ကြွေ» ကို ရေးသားခဲ့ သည်။

၁၉၈၁၊ အောက်တိုဘာ «မန်းရိုင်းတစ်ရာ» ကို ရေးသားခဲ့သည်။

၁၉၈၁၊ ဒီဇင်ဘာ «ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား» ကို ရေးသားခဲ့သည်။

၁၉၈၂၊ ဖေဖော်ဝါရီ «မသုစမ္မာရီ» ကို ရေးသားခဲ့သည်။

၁၉၈၂၊ မေ «ဝတ္ထုတိုများ ၁» ကို ထုတ်ဝေခဲ့သည်။

ယင်းစာအုပ်ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသား စာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။

၁၉၈၂၊ ဓက်တင်ဘာ — ‘‘ဝေသနာကြောနီမှုင်’’ ကို ရေးသားခဲ့သည်။

၁၉၈၂၊ ဒီဇင်ဘာ — သုံးလွှန်းတင်မှုကြီး ကို ရေးသားခဲ့သည်။

၁၉၈၂ — မှတစ်ပါး အခြားမရှိပြီ နှင့် ပျောက်သော လမ်းမှာ ဓမ်းတဝါး တို့ကို ဂျူပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

၁၉၈၃၊ ဇွန် — နောမကျွန်းသည် အိုနှင်းဆီ ကို ရေးသားခဲ့ သည်။

၁၉၈၃၊ ဩဂုတ် — မြမ်မာပြည်မှာ နေကြသည် ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေခဲ့သည်။

ကြေရှင် အတွေတွေကြွေမယ် ကို ရေးသားခဲ့ သည်။

၁၉၈၄၊ ဇွန် — မီးရောင်အောက်ကိုဝင်လျှင် ကို ရေးသားခဲ့ သည်။

၁၉၈၄၊ အောက်တိုဘာ — မြွေကျောကမ်းနား အချစ်သစ်ပင် ကို ရေးသား ခဲ့သည်။

၁၉၈၄၊ ဒီဇင်ဘာ — ထိုနေ့က မီးမလောပါ နှင့် မိုးမိုး (အင်းလျား) ၏ မဂ္ဂဇင်းဝတ္ထုရှည်များ ကိုထုတ်ဝေခဲ့သည်။

၁၉၈၅၊ ဇူလိုင် — ဝတ္ထုတိုများ ၂ ကို ထုတ်ဝေခဲ့သည်။ ယင်း စာအုပ်ဖြင့် ၁၉၈၅ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည်။

၁၉၈၇၊ မေ — မိတက်နကလေးတွေ ညှိုးမျှိန်တန်တော့ ကို ရေးသားခဲ့သည်။

www.burmeseclassic.com

| | |
|---|---|
| ၁၉၈၈ | ။Afro-Asian Writers မှ ထုတ်ဝေသော Lotus မဂ္ဂဇင်းတွင် စကားမဆိုဂုံဆောင် ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည်။ |
| ၁၉၈၉၊ ဩဂုတ် | ။အိမ်နီးချင်း ဝတ္ထုတိုကို ဂျပန်ဘာသာဖြင့် Fujinno Tomo အမျိုးသမီး မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ |
| ၁၉၈၉၊ ဩဂုတ် မှ | ။စံပယ်ဖြူမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် |
| ၁၉၉၀၊ မတ် | ဆောင်ရွက်ခဲ့သည်။ |
| ၁၉၉၀၊ မတ် ၁၃ | ။ကွယ်လွန်သည်။ |